ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-6-2006) (၄၉၉၅)

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ
မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒါပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
တေံ ဗုဒ္ဓါနသာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရုရှားသံအမတ်ကြီး ဂါရဝပြု နှုတ်ဆက်

ရန်ကုန်　　ဇွန်　　၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov က ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ဧည့်ရိပ်သာခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးတတိယအတွင်းဝန် Mr. Alexey V. Semenikhin ပါဝင်တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov အား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ပုသိမ်ကြီးမြို့နယ် ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်းအတွင်း မိုးစပါးများ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးမှုများ ကြည့်ရှု၊ ဟာလဲနတ်တောင် ရေလှောင်တမံစီမံကိန်း စစ်ဆေး

နေပြည်တော်　　ဇွန်　　၂၀

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၈ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် မန္တလေး-မတ္တရာ-စဥ့်ကူး-မိုးကုတ်လမ်း မိုင်တိုင်အမှတ်(၄/၃)ရှိ ပုသိမ်ကြီးမြို့နယ် ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်း(နွယ်နီကျေးရွာ)သို့ သွားရောက်၍ ဦးမြင့်ထူး၏ ရွှေသွယ်ရင် မျိုးသန့်စပါးဧက ၃၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၆-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေရှည်အကျိုးဖြစ်ထွန်းမည့် ဈေးကွက်ဝင်ကော်ဖီ

စိုက်ပျိုးသူ တောင်သူများအတွက် ဝင်ငွေလည်းတိုး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် သီးနှံတစ်မျိုးမှာ ပြည်ပဈေးကွက်ဝင်သည့် ကော်ဖီသီးနှံပင်ဖြစ်သည်။ ရာသီဥတုအေးမြသည့် တောင်ပေါ်ဒေသများ၊ မြေပြန့်ဒေသနည်းပါးသည့် တောင်စခန်းမြို့များတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်သည်။

ပြင်ဦးလွင်မြို့နယ်သည် ကော်ဖီ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စသည့်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် မြို့နယ်တစ်ခု ဖြစ်သည်။ ရေမြေ ရာသီဥတုနှင့်ကိုက်ညီသည့် ကော်ဖီသီးနှံ အဓိက စိုက်ပျိုးဖြစ်ထွန်းရာ တောင်စခန်းမြို့လည်းဖြစ်သည်။ ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်ရေး၊ ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်အကြား ဒေသများတွင် ကော်ဖီပင် ဧကတစ်သိန်း စိုက်ပျိုးနိုင်ရေး စိုက်ခင်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

ကော်ဖီပင်၏ ထူးခြားချက်မှာ စတင်စိုက်ပျိုးသည်မှ သုံးနှစ်ပြည့်လျှင် အသီးများရရှိခြင်းပင်ဖြစ်သည်။ မြန်မာ့ကော်ဖီသည် အရည်အသွေးကောင်းသဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဈေးကောင်းရရှိနိုင်သည့် သီးနှံဖြစ်ရာ ပြင်ဦးလွင်၊ နောင်ချိုမြို့နယ်များ၌ သာမက တောင်ငူမြို့နယ်၊ သံတောင်ကြီး တောင်စခန်းမြို့ အနီးပတ်ဝန်းကျင်ဒေသများတွင်လည်း ကော်ဖီစိုက်ခင်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိနေကြပြီ ဖြစ်သည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီစိုက်ပျိုးလိုသူများကို မျိုးကောင်းမျိုးသန့် ပျိုးပင်နှင့် အရိပ်ရပင်များ ရရှိရေး၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ရရှိရေး အားပေးကူညီလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကော်ဖီခြံတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် သုတေသနလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ကော်ဖီခြံများ၊ ကော်ဖီစိုက်ခင်းများလည်း အောင်မြင်လျက်ရှိသည်။

ကော်ဖီပင်များကို ရာသီဥတုနှင့် ကိုက်ညီသည့် အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း စိုက်ပျိုးလျက်ရှိရာ အောင်မြင်လျက်ရှိကြောင်း သတင်းကောင်းများ ကြားသိနေရသည်။ မြို့နယ်စိုက်ပျိုးရေးဌာနများက အရည်အသွေးမြင့် ကော်ဖီများစိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးခြင်း၊ တောင်သူများက ဝီရိယစိုက်ထုတ် ကြိုးပမ်းခြင်းတို့ဖြင့် နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီသီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်မည် ဖြစ်ပါသည်။ ။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၀

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ တက်ရောက်ရန် ပြည်ပနိုင်ငံ အသီးသီးရှိ ရတနာကုန်သည်များထံမှ ပြန်ကြားချက်ရရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆပ်ကော်မတီများ ဖြစ်ကြသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီများမှ ဆပ်ကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ခင်းကျင်းပြသမှု အခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးက အထူးရောင်းချပွဲအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

အကြံပြုတင်ပြဆွေးနွေး

ထို့နောက် အထွေထွေပိုင်းတွင် အထူးရောင်းချပွဲ ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များက အထူးရောင်းချပွဲကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနေ ဒေါ်ခင်အေး၊ သား မောင်အောင်သန့် (အမော်) မိသားစုက အလှူငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်တန်းမြို့နယ် ဇေယျာပူရ ပရိယတ္တိစာသင်တိုက်၌ မြို့နယ်မင်္ဂလာတရားတော်နှင့် အဘိဓမ္မာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့ (၄)ကြိမ်မြောက် မင်္ဂလာနှင့် အဘိဓမ္မာဆုနှင်းပွဲကို ဇွန် ၁၈ရက်က ကျင်းပရာ အဘိဓမ္မာ မြို့နယ်အဆင့် ပထမဆုရ မခင်သန္တာထွန်းအား အကျိုးဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးချန်စိန် ဆုချီးမြှင့်စဉ်။ (၂၃)

မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၀

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း လှူဒါန်းပူဇော်ပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ အလှူငွေနှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဇွန် ၂၀

ကြံခင်းမြို့၌ ဧပြီ ၃၀ရက်တွင် ဖြစ်ပွားခဲ့သော ရေဘေးသင့်ပြည်သူများအတွက် ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ လှူဒါန်းသော အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းသည့် အခမ်းအနားကို ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧရာဦးခန်းမ၌ ဇွန် ၈ရက် နံနက် ၁၀နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ဥက္ကဋ္ဌ ဦးစန်းလွင်က အလှူငွေကျပ် ၁၆၈၀၀၀၀ပေးအပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက လက်ခံရယူပြီး **(အပေါ်ပုံ)** ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)တွဲဖက်အတွင်းရေးမှူး ဦးစိန်ဌေးမောင်က အဝတ်အထည်များ ပေးအပ်လှူဒါန်းရာ ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ဝင်းက လက်ခံရယူသည်။ (က-ပ)

အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဇွန် ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)၊ မန္တလေးဘီယာစက်ရုံ၊ ရန်ကုန်အမှတ်(၁) စီးကရက်စက်ရုံ၊ ပခုက္ကူ အမှတ်(၂) စီးကရက်စက်ရုံ၊ အလုံအချိုရည်နှင့် ရေခဲစက်ရုံ၊ မန္တလေး အချိုရည်စက်ရုံ၊ အလှကုန်ပစ္စည်းစက်ရုံ(ရန်ကုန်)၊ သန်လျင်ဖန်ချက်စက်ရုံ၊ သဘော်ဆေးစက်ရုံ၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)နှင့် မြန်မာ့စက်ဘီး စက်ရုံ(ရန်ကုန်)တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစက်ရုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စက်ရုံ၏ ၅၁ ရာခိုင်နှုန်းကို ထည့်ဝင်မည်ဖြစ်ပြီး ကျန် ၄၉ရာခိုင်နှုန်းကို အများပြည်သူများအား ရှယ်ယာခေါ်ယူ၍ ရောင်းချသွားမည်ဖြစ်သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စက်ရုံများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ထည့်ဝင်သည့် ရှယ်ယာအပေါ်မူတည်၍ မျှတစွာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဒါရိုက်တာအဖွဲ့-ဖွဲ့စည်းရာတွင် ရှယ်ယာထည့်ဝင်သူတိုင်း ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒါရိုက်တာအဖွဲ့ကိုလည်း တစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်မည်ဖြစ်သည်။

ကနဦးရှယ်ယာတစ်စု၏ တန်ဖိုးကိုငွေကျပ် တစ်သန်းသတ်မှတ်ပြီး ၎င်းရှယ်ယာတန်ဖိုးကိုတစ်နှစ်တစ်ကြိမ်ပြန်လည်တွက်ချက်သတ်မှတ် မည်ဖြစ်သည်။ ရှယ်ယာများကို ရောင်းချပိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ရှိမည်ဖြစ်သည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု သက်တမ်းကို အနည်းဆုံး ၁၀နှစ် သတ်မှတ်မည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကများပူးပေါင်း၍ တည်ထောင်ထားသည့် ဖက်စပ်လုပ်ငန်းကို ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်က သိမ်းယူခြင်းမပြုပေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ကုမ္ပဏီများ မှတ်ပုံတင်ရေး ဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းစသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် သင်းဖွဲ့စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်းများကိုလည်း ရှယ်ယာရှင်များနှင့် ပူးပေါင်းရေးဆွဲသွားမည်ဖြစ်သည်။

ယင်းစက်ရုံများမှ ထုတ်လုပ်သောပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တွင်လူကြိုက်များသော ထုတ်ကုန်ပစ္စည်းများဖြစ်သည့်အပြင် စက်ရုံအလိုက် အကျိုးအမြတ်ရှိသောစက်ရုံများဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လို၍ ဖိတ်ခေါ်ခြင်းဖြစ်သည်။ အဆိုပါစက်ရုံ ၁၁ ရုံသည် ပထမအဆင့်ဖြစ်ပြီး ကျန်စက်ရုံများကို ဒုတိယအဆင့် ထပ်မံဖိတ်ခေါ်သွားမည် ဖြစ်သည်။

အဆိုပါစက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဇွန် ၂၆ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များတက်ရောက်ကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် အချို့လုပ်ငန်းရှင်များထံသို့ ဖိတ်ကြားစာများ ပေးပို့ထားပြီး ဖိတ်ကြားစာ မရရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ရှင်းလင်းပွဲသို့ တက်ရောက်လိုပါက နေပြည်တော် ဖုန်း-၀၆၇၄၀၈၀၈၁၊ ၀၆၇၄၀၈၃၃၇၊ ၀၆၇၄၀၈၁၂၉နှင့် ရန်ကုန်ရုံးခွဲရှိ ဖုန်း-၅၇၇၀၇၄၊ ၅၆၂၆၄၁၊ ၅၆၂၂၁၁တို့ထံဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လက်ခံတွေ့ဆုံ

ဇွန် ၂၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Oleg V.Kabanov အား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း–ရွှေဖုံး)(သတင်းစဉ်)

ညောင်ရိပ်သာဝါတွင်း အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၀

သာကေတမြို့နယ်(၁၀)တောင်ရပ်ကွက် ၁၀၈တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် ဝါတွင်းကာလ ဝါဆိုလမှစ၍ လစဉ်လဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ရက်အထိ လယ်တီဆရာတော်ကြီး၏ (ကာယနုပဿနာနှင့် ဓာတုမနသိကာရ) နည်းအတိုင်း ပဓာနနာယက အရှင်ကေသရာဘိဝံသဆရာတော်က ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဖုန်း–၅၄၇၀၂၅သို့ ဆက်သွယ် စုံစမ်းဝင်ရောက်နိုင်ကြောင်းသိရသည်။

(က–ပ)

အာဆီယံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများရောက်ရှိ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ+၃နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Dato Chua Soi Lek၊ စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kha Boon Wan၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Honorable Pehin Dato Suyoi Osmanနှင့်အဖွဲ့ဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nuth Sokhom၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ponmek Dalaloy၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Tean Chi Liem ၊ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Anutin Charnvirakul နှင့်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၈)ကြိမ်မြောက်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ ဒုတိယအကြိမ် အာအီယံ+၃နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ စတင်ကျင်းပ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ရတနာတွဲများ ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၂၀

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက် ၉နာရီမှစတင်၍ ကျောက်မျက်နှင့်ပုလဲအတွဲများကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာဝင်းအတွင်း၌ လည်းကောင်း ကျင်းပသည်။

မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပသောပုလဲအတွဲများကို ပြည်တွင်းမှ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၁ရက်အထိ ကြည့်ရှုလေ့လာခွင့်ပြုပြီး ဇွန် ၂၂ရက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ် မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၂ရက်အထိ ကျောက်မျက်နှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာခွင့်ပြုပြီး ဇွန် ၂၃ရက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ် ယူရိုငွေဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပထမဆုံးအကြိမ်ကျင်းပသော ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၃ရက်အထိ ကြည့်ရှုလေ့လာခွင့်ပြုပြီး မိမိတို့ ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို တင်ဒါပုံးများထဲသို့ ထည့်သွင်းကြရမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ရက်မှ ဇူလိုင် ၄ရက်အထိ နေ့စဉ် တင်ဒါစနစ်၊ ဈေးပြိုင်စနစ် ယူရိုငွေဖြင့် ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ စတင်သည့် ယနေ့ ညနေ ၄နာရီအထိ ပြည်တွင်းမှ ရတနာကုန်သည် ၅၃၃ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၉၁၃ဦး စုစုပေါင်း ရတနာကုန်သည် ၁၄၄၆ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တစ်လတရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၀

ဧရာဝတီတိုင်း ဇလွန်မြို့ မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဇူလိုင် ၂၄ရက် (ဝါဆိုလကွယ်နေ့)မှ ဩဂုတ် ၂၂ရက် (ဝါခေါင်လကွယ်နေ့)အထိ တစ်လစခန်းပွဲ၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးနန္ဒိယ(ရွှေပွင့်ဖြူ) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့က သစ္စာလေးပါးဝိပဿနာ လုပ်ငန်းစဉ်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင် ယောဂီများသည် ဖုန်း–၅၅၄၄၃၅နှင့် ၅၈၀၇၃၅ တို့သို့ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းသိရသည်။

(က–ပ)

ဓနုဖြူမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၀

ဓနုဖြူအသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၈ရက်)ဇူလိုင် ၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၃၆၈–အေ) အောက်ကြည့်မြင်တိုင်လမ်း ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို အမှတ်(၁၂၁) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း–၂၅၂၇၉၃၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သမဝါယမနေ့ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မရမ်းကုန်းမြို့နယ် ဂျီအီးစီ(ပညာရေး)က ကြီးမှူးကျင်းပသော အခြေခံပညာကျောင်းများစာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်က အသင်းတည်ရာအမက(၂)မရမ်းကုန်းတွင်ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်မိုးကျော်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ်ကြီးများ၊ ဂျီအီးစီ(ပညာရေး) ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၇ဦးတို့ ဖြေဆိုကြကြောင်း သိရသည်။

(ပညာရေး)

သဲကန္တာရကျယ်ပြန့်လာမှု ထိန်းချုပ်နိုင်ရေး အာဖရိကနိုင်ငံများအား တရုတ်ကူညီမည်

လန်ကျိူ့ ဇွန် ၁၉

သဲကန္တာရကျယ်ပြန့်လာမှုတိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှု အစီအစဉ်အရ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျန်စုပြည်နယ်သို့ အာဖရိကနိုင်ငံများမှ တာဝန်ရှိသူများနှင့် နည်းပညာရှင်များ ဩဂုတ်လတွင် ရောက်ရှိလာမည် ဖြစ်သည်။

တရုတ်ကျွမ်းကျင် ပညာရှင်များက အာဖရိက သင်တန်းသားများကို သဲကန္တာရကျယ်ပြန့်လာမှုထိန်းချုပ်နိုင်ရေးအတွက် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ကျန်စုသဲကန္တာရကျယ်ပြန့်လာမှုကာကွယ်ရေးသုတေသနဌာန(ဂျီဒီစီအာအိုင်)အကြီးအကဲ မန်ဒူကင်က ပြောကြားသည်။

သဲကန္တာရကျယ်ပြန့်လာမှု ကာကွယ်ရေးအတွက် သစ်ပင်များ ရွေးချယ်စိုက်ပျိုးနိုင်သော နည်းလမ်း၊ လေကာတောများ ထူထောင်စိုက်ပျိုးခြင်း စသည့်အကြောင်းရပ်များကို ၂၅ ရက်ခန့် ကွင်းဆင်း သင်ကြားမည်ဖြစ်ကြောင်း၊ ကျန်းစုပြည်နယ်နှင့် အနီးဝန်းကျင်ပြည်နယ်များသို့ကွင်းဆင်းသင်ကြားမှုဆောင်ရွက်မည်ဖြစ်ကြောင်းမန်က ပြောကြားသည်။

သဲကန္တာရကျယ်ပြန့်လာမှုကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာနိုင်ငံတကာသင်တန်းသည်နှစ်လတာကြာမည်ဖြစ်ပြီး အဆိုပါသင်တန်းကို ဂျီဒီစီအာအိုင်အဖွဲ့က ကမကထပြု ဖွင့်လှစ်ခြင်းဖြစ်သည်။ ယခုနှစ်တွင် အဆိုပါသင်တန်းသို့ တက်ရောက်သော သင်တန်းသား ၂၀ အနက် ၁၂ဦးမှာ ဥရောပဒေသမှ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိုးအင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက နည်းပညာ တီထွင်ဆန်းသစ်ချက်အရ ပုံစံပြုထုတ်လုပ်ထားသော လေယာဉ်ငယ်တစ်စင်းကို တွေ့ရစဉ်။ (ယင်းလေယာဉ်ငယ်ကို ရေဒါဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိပေ။) *(ဓာတ်ပုံ-အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်၌ ရေကာတာကျိုးပေါက်

ဒါကာ ဇွန် ၁၉

ယမုံနာမြစ်တွင် မြစ်ရေတက်လာပြီးနောက် ဆောက်လုပ်ထားသော ရေကာတာမှာ စနေနေ့က ကျိုးပေါက်ခဲ့မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ဆီရာဂျန်ဒေသ၌ ရေကြီးမှုဖြစ်ခဲ့ကြောင်း ယူအင်န်ဘီပုဂ္ဂလိကရုပ်သံဌာနက ထုတ်လွှင့်ဖော်ပြသည်။

စနေနေ့နံနက်ပိုင်းတွင် ရေကြီးမှုကြောင့် အိမ်ခြေ ၁၀၀ ကျော် ရေစီးထဲမျောပါသွားကြောင်း၊ ကာဇီပရာဒေသခွဲရှိ ရွာအများအပြားရေနစ်မြုပ်ကြောင်း သတင်း၌ ဖော်ပြသည်။

ရေကြီးမှုဖြစ်ပွားရာဒေသများတွင် ရေကြောင့် ရောဂါများဖြစ်ပွားကြောင်း၊ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရသူ ၁၀၀၀၀၀ ခန့်ရှိကြောင်း၊ ကောက်ပဲသီးနှံစိုက်ပျိုးထားသော လယ်ယာမြေများလည်း ပျက်စီးသွားကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျူးဘား၌ ကွန်ပျူတာနည်းပညာ သင်ကြားရေး မျက်မမြင် ပညာရှင်က ကူညီပံ့ပိုးမည်ဟုဆို

ဟာဗာနာ ဇွန် ၁၇

မျက်စိလုံးဝကွယ်နေပြီဖြစ်သည့် ကျူးဘားနိုင်ငံသားတစ်ဦးက မျက်စိကွယ်သူများ ကွန်ပျူတာနည်းပညာ အသုံးပြုနိုင်ရေးအတွက် ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်း ဆော့ဖ်ဝဲ အင်ဂျင်နီယာတွဲ့ယူသည့် ရောဘတ်တိုပီရက်ဇ်ဒီပက်ဇ်က ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနသို့ သောကြာနေ့က ပြောကြားသည်။

ပီရက်ဇ်သည် ကျူးဘားနိုင်ငံ ဟာဗာနာမြို့တော်မှ ဂျိုဆေးကန်တိုနီယို အက်ချီဗာရီယာအမည်ရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းတွင်ငါးနှစ်ကြာ ဆော့ဖ်ဝဲပညာကို သင်ကြားခဲ့သည်။ သတင်းပြန်ကြားရေး နည်းပညာကို ချဲ့ထွင်အသုံးပြုမှု လိုအပ်နေကြောင်း၊ သို့မှသာ မျက်စိကွယ်သူများနှင့် တစ်စိတ်တစ်ပိုင်း မျက်စိမြင်သူများအနေဖြင့် ကွန်ပျူတာ အသုံးပြုရာတွင် တွေ့ကြုံရသည့် အတားအဆီးများကို ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပီရက်ဇ်သည် မစွမ်းမသန်သူများ လိုအပ်နေသည့် လူတိုင်းတတ်မြောက်သင့်သော အင်တာနက်အမည်ရှိ သုတေသနစာတမ်းတင်ခဲ့ပြီး ကျူးဘားနိုင်ငံတွင် ဆော့ဖ်ဝဲ အတတ်ပညာနှင့် ပတ်သက်၍ ပထမဆုံး ဘွဲ့ယူခဲ့သူ တစ်ဦးဖြစ်သည်။ ၎င်းကယင်းပညာသင်ကြားခဲ့ချိန်တွင် မျက်စိအမြင်ချို့တဲ့နေသည့် ကျူးဘားနိုင်ငံသားများကို လေ့လာပြီး နည်းပညာ ဆိုင်ရာအရ လက်လှမ်းမမီဖြစ်နေသည့်ကိစ္စရပ်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နီပေါ၌ ယာဉ်တိမ်းမှောက်

ခတ္တမန္ဒူ ဇွန် ၁၉

နီပေါနိုင်ငံ အနောက်ပိုင်းတွင် စနေနေ့က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်း သေဆုံးပြီး ၃၈ ဦး ဒဏ်ရာရရှိကြောင်း နီပေါရေဒီယိုက ထုတ်လွှင့်ပြောကြားသည်။

ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၃၀၀ အကွာ အာဂါကန်ချီဒေသ ဒါတာရီယာဒန်ဒါ အရပ်၌ ခရီးသည်တင် ဘတ်စ်ကား ဘရိတ်ပေါက်ပြီး တိမ်းမှောက်မှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်း သေဆုံးကြောင်း အာဂါကန်ချီဒေသ ရဲတပ်ဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ ရေဒီယိုက ထုတ်လွှင့်ကြေညာသည်။

အခင်းဖြစ်ပွားရာနေရာတွင်ပင် လူငါးဦး ပွဲချင်းပြီးသေဆုံးပြီး အခြားနှစ်ဦးသည် ဆေးရုံသို့ ခေါ်ဆောင်သွားရာလမ်းတွင်သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖင်လန်နိုင်ငံ၌ နိုကီယာကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သည့် မိုဘိုင်းလ်ဖုန်းကို ဇွန်၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘူလ်ဂေးရီးယားနှင့် အိန္ဒိယ နိုင်ငံရေး၊ စီးပွားရေးဆက်ဆံမှု တိုးမြှင့်မည်

ဆိုဖီယာ ဇွန် ၁၉

ဘူလ်ဂေးရီးယားနိုင်ငံ ဝန်ကြီးချုပ်ဆာဂျီစတာနီရှက်ဖ်သည် အလည်အပတ် ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အနန်ရှားမားနှင့် စနေနေ့တွင် တွေ့ဆုံပြီး နှစ်နိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေး ဆက်ဆံမှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တိုက်တွန်းမည်

အိန္ဒိယ အစိုးရအနေဖြင့် အိန္ဒိယ ကုမ္ပဏီများအား ဘူလ်ဂေးရီးယားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းမည် ဖြစ်ကြောင်း ရှားမားက ပြောကြားသည်။

ဘူလ်ဂေးရီးယားနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသည့် စီးပွားရေး ဆက်ဆံမှုရှိခဲ့ပြီဖြစ်ကြောင်း၊ အပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ရန် ကျယ်ပြန့်သည့် အခွင့်အလမ်းများ တည်ရှိပြီဖြစ်ကြောင်း၊ အထူးသဖြင့် အဆင့်မြင့် နည်းပညာကဏ္ဍတွင်ဖြစ်ကြောင်း စတာနီရှက်ဖ်က ပြောကြားသည်။ ဘူလ်ဂေးရီးယားနှင့် အိန္ဒိယနိုင်ငံတို့သည် ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍ တို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆွေးနွေး

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ သဘောထားအမြင်နှင့် အဆိုပြုချက်တို့ကို ရှားမားက အသေးစိတ် ရှင်းပြသည်။ ၎င်းတို့နှစ်ဦးသည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆွေးနွေးခဲ့ကြသည်။ အကြမ်းဖက်မှုကို ပူးတွဲတိုက်ဖျက်ရန် လိုလားကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယား ပို့ကုန်ပမာဏမြင့်တက်

ဒါရက်ဆလမ် ဇွန် ၁၉

တန်ဇန်းနီးယားနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုမှာ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၆၇၆ ဘီလီယံရှိပြီး ၁၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရက ထုတ်ပြန်သည့် စာရင်းများတွင် ဖော်ပြထားသည်။

တန်ဇန်းနီးယားနိုင်ငံ၏ ကုန်ပစ္စည်းတင်သွင်းမှုမှာ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၁ ဘီလီယံရှိကြောင်း စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဂျူးမားနာဆွန်ဂွါက ဒိုဒိုမားမြို့၌ ဥပဒေပြုဌာန်းသူများအား ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် တန်ဇန်နီးယားနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၃ ဘီလီယံရှိပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၉ ဘီလီယံရှိသည်။

တန်ဇန်းနီးယားနိုင်ငံသည် ဓာတ်သတ္တု၊ ချည်ထည်၊ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် နာနတ်လျှော်တို့ကို အဓိကတင်ပို့ပြီး စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အီလက်ထရွန်နစ်ပစ္စည်းတို့ကို အဓိကတင်သွင်းသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ရုရှားနှင့် ဘီလာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မည်

မော်စကို ဇွန် ၁၉

ရုရှားနှင့်ဘီလာရုစ်နိုင်ငံတို့သည် နှစ်နိုင်ငံ ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း ကာကွယ်ရေးဆိုင်ရာ စနစ်များကို စမ်းသပ်မည်ဖြစ်ကြောင်း ဘီလာရုစ် ကာကွယ်ရေးဝန်ကြီး၏ပြောကြားချက်ကိုကိုးကားလျက် အီတာ-တာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျာနိုင်ငံတောင်ပိုင်း ဆာဟာရ သဲကန္တာရအတွင်း ကုလားအုတ်များဖြင့် ခရီးသွားလာနေသူများကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနှင့်တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင် နာသူးလာတောင်ကြားလမ်း ပြန်လည်ဖွင့်လှစ်ရန် သဘောတူ

လာဆာ ဇွန် ၁၉

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ မြှင့်တင်နိုင်စေရန် နာသူးလာ တောင်ကြားလမ်းကို ဇူလိုင် ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် တနင်္ဂနွေနေ့က သဘောတူညီလိုက်ကြသည်။

လက်မှတ်ရေးထိုး

နယ်စပ်ကုန်သွယ်ရေး ပြုလုပ်နိုင်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများ တိဘက်ဒေသ မြို့တော်လာဆာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

နာသူးလာ တောင်ကြားလမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၅၄၅ မီတာ အမြင့်တွင် တည်ရှိသည်။ အဆိုပါ တောင်ကြားလမ်းသည် လာဆာမြို့မှ ကီလိုမီတာ ၄၆၀၊ အိန္ဒိယ ပင်လယ်ကမ်းရိုးတန်းမြို့ကြီးဖြစ်သော ကိုလ်ကာတာမြို့မှ ကီလိုမီတာ ၅၅၀ အကွာတွင် တည်ရှိသည်။

နာသူးလာ တောင်ကြားလမ်းကို ၄၄ နှစ်ကြာမျှ ပိတ်ထားခဲ့ပြီးနောက် ပြန်လည် ဖွင့်လှစ်နိုင်မည်ဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူ ရရှိမည်ဖြစ်သည်။

နာသူးလာတောင်ကြားလမ်းသည် ၁၉၀၀ ပြည့်လွန်နှစ်များက နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းအတွက် အထောက်အကူ ပေးခဲ့သော်လည်း ၁၉၆၂ ခုနှစ်တွင် နယ်စပ်ပဋိပက္ခများကြောင့် ယင်းတောင်ကြားလမ်းကို ပိတ်ထားခဲ့ရသည်။

သမိုင်းမှတ်တိုင်

အိန္ဒိယနှင့်တရုတ် နယ်စပ်ဒေသရှိ နာသူးလာ တောင်ကြားဒေသကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်းသည် သမိုင်းမှတ်တိုင် တစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်စေမည်သာမက နှစ်နိုင်ငံဆက်ဆံရေးမြင့်မားလာစေရန် အထောက်အကူပေးမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန လက်ထောက်အတွင်းဝန် ဒေါက်တာ စရစ်တီဖာနန်ဒေးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နာမည်ဆိုးဖြင့် ကျော်ကြားနေသော အမေရိကန် ဂွာတာနာမို အကျဉ်းစခန်း၏ လုံခြုံရေးဂိတ်တစ်နေရာကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို မာဖီးယားဂိုဏ်းအား ဆန်ဒီယေဂို ရဲတပ်ဖွဲ့ဖြိုခွင်း

လော့အိန်ဂျလိစ် ဇွန် ၁၉

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့တွင် လှုပ်ရှားနေသည့် မက္ကဆီကို မာဖီးယား ဒုစရိုက်ဂိုဏ်း၏ ခြေကုပ်စခန်းကို ဖြိုခွင်းရန် ရဲတပ်ဖွဲ့က စစ်ဆင်ရေး ဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တရားစွဲ

အဆိုပါ စစ်ဆင်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် အမေရိကန် အာဏာပိုင်များက မက္ကဆီကို မာဖီးယားဂိုဏ်းတွင် ပါဝင်လှုပ်ရှားနေသော အဖွဲ့ဝင်များအဖြစ် မသင်္ကာသူ ၃၆ ဦးကို တရားစွဲဆိုထားသည်။

အမေရိကန်နိုင်ငံ ဆန်ဒီယေမြို့သည် မက္ကဆီကိုနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော အနောက်ဘက်ကမ်းရိုးတန်းဒေသရှိ မြို့တစ်မြို့ဖြစ်သည်။

ရင်ဆိုင်ရမည်

သောကြာနေ့တွင် စွဲချက်တင်ခံရသူများသည် ဒုစရိုက်မှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်ခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ငွေမည်းကို ငွေဖြူအဖြစ်သို့ ခဝါချခြင်း စသည့်စွဲချက်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ရေချိုငါးမျိုး ထိန်းသိမ်းရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ ရထားဗုံးပေါက်ကွဲ

အစ္စတန်ဘူလ် ဇွန် ၁၉

တူရကီနိုင်ငံ အရှေ့ပိုင်း ရထားလမ်းတွင် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကုန်တင်ရထား၏ တွဲ ရှစ်တွဲ ပျက်စီးသွားကြောင်း တူရကီနိုင်ငံ အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

ရထားဖြတ်သွားစဉ် ဗုံးပေါက်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ရထားတွဲ ၁၂ တွဲမှာ လွင့်စဉ်သွားပြီး ယင်းအနက် ရှစ်တွဲမှာ သုံးမရအောင် ပျက်စီးသွားခဲ့ကြောင်း၊ မူစ်ပြည်နယ်ရှိ ရထားသံလမ်း အရှည်မီတာ ၂၀ ပျက်စီးသွားကြောင်း အာနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ နိုင်ငံတကာ သတင်းများ

ဟောင်ကောင်၌ ကြက်ငှက်မှောင်ခိုတင်သွင်းမှု ဟန့်တား

ဟောင်ကောင် ဇွန် ၁၉

ကြက်ငှက်မှောင်ခိုတင်သွင်းမှုကို ဟန့်တားနိုင်ရန် ခရီးသည်နှင့် ကုန်ပစ္စည်းတို့ကို အဓိကထား စစ်ဆေးမှုကို ဟောင်ကောင်နှင့် တရုတ်ပြည်မ အကောက်ခွန်ဌာနတို့ ပူးပေါင်းမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကြက်ငှက်မှောင်ခိုတင်သွင်းမှုကို ဟန့်တားနိုင်ရန် တရုတ်ပြည်မမှ ကြက်ငှက်အရှင်များ တင်သွင်းမှုကို သောကြာနေ့မှစတင်၍ သုံးပတ်ကြာ ရပ်ဆိုင်းထားကြောင်း၊ ကြက်ငှက်စစ်ဆေးမှုကို ဟောင်ကောင် စားသောက်ကုန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဌာနနှင့် ဟောင်ကောင် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ကွမ်တုန်ပြည်နယ်ရှန်ဇန်ဒေသ၌ လူတွင် ကြက်ငှက်တုပ်ကွေး H5N1 ဗိုင်းရပ်စ်ပိုး တွေ့ရှိသည်ဟု အတည်ပြုချက်ရရှိပြီးနောက် ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ထိန်းချုပ်ရေး စခန်းများ၏ အကောက်ခွန်ဌာန အကြီးအကဲ ကိုချီလော့စ်က ပြောကြားသည်။

ဟောင်ကောင်သို့ ကြက်ငှက်အရှင် သို့မဟုတ် အသားတင်သွင်းသူတို့သည် တရားစွဲဆိုခြင်းနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကိုချီလော့စ်က သတိပေးပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိပ်ကနေဗာရယ်လ်ရှိ ကနေဒီ အာကာသစခန်းတွင် လေ့ကျင့်နေသည့် အာကာသယာဉ်မှူး နှစ်ဦးကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ပြန်လည်လွှတ်တင်မည်

ဝါရှင်တန် ဇွန် ၁၉

အမေရိကန် အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီကို ဇူလိုင် ၁ ရက်တွင် ပြန်လည်လွှတ်တင်ရန် စီစဉ်ထားကြောင်း အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့ (နာဆာ)က စနေနေ့တွင် ပြောကြားသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီက ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ် လွှတ်တင်အပြီး မကြာမတင်မှာပင် အဆိုပါ လွန်းပြန်ယာဉ် ပေါက်ကွဲမီးလောင်ကာ ပျက်ကျခဲ့သော ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည့် နောက်ပိုင်း ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ် လွှတ်တင်မှုကို တစ်နှစ်နီးပါးကြာမျှ ရပ်ဆိုင်းထားခဲ့သည်။

နာဆာသိပ္ပံပညာရှင်များသည် လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း အာကာသမစ်ရှင် ခရီးစဉ်များ လုံခြုံရေးအတွက် သုံးသပ်လေ့လာမှုများ ပြုလုပ်ခဲ့သည်။

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို ပြီးခဲ့သည့် နှစ် ဇူလိုင်လက နောက်ဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ အမှတ်(၇) ရဲတပ်ရင်းလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

စွမ်းရည်ပြပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်တိုင်း ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန့်၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဦးစီးပထမတန်း (ရေး/ထောက်) ဒုတိယရဲမှူးကြီးသန်းဆွေ၊ အမှတ်(၇) ရဲတပ်ရင်း ခေတ္တတပ်ရင်းမှူး ရဲမှူးအောင်ဆန်းဝင်းနှင့် အရာရှိ/အရာခံ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုတပ်ဖွဲ့နှင့် သရုပ်ပြသမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမျိုးသမီးရဲတပ်ဖွဲ့ဝင်များက အလေးပြု၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များက ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုခြင်းအထိမ်းအမှတ်အဖြစ် သေနတ်များပစ်ဖောက်၍ ဂုဏ်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီးရဲတပ်ဖွဲ့မှ ရဲအုပ်တင်မာထွေးက မိမိတို့ထမ်းဆောင်ရသည့် တာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များက ၂၄နာရီ တာဝန်ရှိသော ရဲမေများ အစီအစဉ်၊ ကြံ့ခိုင်မှုစွမ်းရည်နှင့် တိုက်ခိုက်မှု အစီအစဉ်များကို စွန့်စွန့်စားစား ပြသကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက စွမ်းရည်ပြသကြသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေကျပ် နှစ်သိန်းကို ပေးအပ်သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြသကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို၍ လှိုင်လင်မြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၀

၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှိုင်လင်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မိုးရာသီ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲကို ဇွန် ၁၀ရက်တွင် လှိုင်လင်မြို့အဝင် ဂေါက်ကွင်းအနီး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေးတို့ ဦးဆောင်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၇၀၀ ကျော် တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများ စွမ်းပကား

ဝံသာနုတရား လက်ကိုင်ထားတဲ့
မြန်မာအမျိုးသမီးများ လေးစားဖွယ်။
နယ်ချဲ့တော်လှန် မျိုးချစ်သွေးနဲ့
လွတ်လပ်ရေးကို မြတ်နိုးတယ်။
တိုင်းပြည်တစ်ဖန် ကျွန်အဖြစ်နဲ့
နွံမနစ်ဖို့ ကြိုးစားတယ်။
နိုင်ငံ့တာဝန် ကျရာထမ်းလို့
ကြိုးပမ်းအားထုတ် အမြဲကွယ်။
ယနေ့ခေတ်မှာ ဘက်စုံတိုးလို့
ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်တယ်။
ဆရာဝန် အင်ဂျင်နီယာ ရှေ့နေများနဲ့
ဒို့အမျိုးသမီးများ ထက်မြက်တယ်။
ပညာရေးမှာ အရာရောက်သမှ
ပါမောက္ခတောင် ဖြစ်ကြတယ်။
အမျိုးသမီးရေးရာအဖွဲ့ကြီးကို
ဖွဲ့စည်းနိုင်လို့ ဝမ်းမြောက်ဖွယ်။
စည်းရုံးစီမံ စည်းကမ်းတကျနဲ့
ဌာနကြီးများ ဖွဲ့စည်းတယ်။
ပြန်ကြား ဆက်သွယ် ဘဏ္ဍာရေးတဲ့
မှန်စွာတွေးလို့ အမြင်ကျယ်။
ကမ္ဘာနှင့်ကွယ် ရင်ပေါင်တန်းဖို့
လုပ်ငန်းအဖွဲ့များ ကြိုးစားတယ်။
စောင့်ရှောက်ကာကွယ် ပျိုးထောင်ရေးနဲ့
လူမှု ယဉ်ကျေး မကျန်စေဖွယ်။
လူနေမှုဘဝ မြှင့်တင်ရေးနဲ့
တိုင်းရင်းသားရေးလဲ ဆောင်ရွက်တယ်။
ဥပဒေရေးရာ လေ့လာရေးနဲ့
အကြံပြုရေး စွမ်းဆောင်တယ်။
ပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးလဲ
ဒို့များမနေး ပါဝင်တယ်။
မြန်မာအမျိုးသမီးတွေ မြန်မာ့အကျိုးအတွက်
နှစ်ဆတိုးလို့ အားထုတ်တယ်။
ခေတ်မီဖွံ့ဖြိုး ဘက်စုံတိုးဖို့
အမျိုးသမီးထု စွမ်းဆောင်မယ်။
ညီညွတ်ကွယ်- - - ညီညွတ်မယ်။ ။

[၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

နွယ်ဦးမွန်(ကလော)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၅၅ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၂၇)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ **English Usage**
၁၈။ ဗွီစီဒီကျော်ကြားတေးများ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ °°°°FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ- Portugal Vs Mexico (Delay)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

(၂၂-၆-၂၀၀၆)ရက်နေ့
နံနက်ပိုင်း ၀၁:၃၀
FIFA WORLD CUP GERMANY 2006
ဘောလုံးပွဲ-
Netherlands Vs Argentina (Live)

၂၀၀၆ ခုနှစ် ဇူလိုင်လ(၃)ရက်
မြန်မာအမျိုးသမီးများနေ့

အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့
ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် အမ်း-စစ်တွေလမ်းရှိ သရက်တပင်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

များအား လည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအားလည်းကောင်း ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျောက်တော်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ၁၃၇ဧက အပင်ပေါင်း ၁၆၄၄၀၀စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ပျိုးပင်ပေါင်း ၃၈၃ဧက အပင်ပေါင်း ၄၅၉၃၀၁ ကို ပျိုးထောင်ထားကာ သုံးနှစ်အတွင်း ဧက ၂၅၀၀၀ ကို စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက် ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အမ်း-စစ်တွေလမ်းရှိ တံတား တည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်နေသည့် သရက်တပင်တံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသရက်တပင်တံတားသည် အလျားပေ ၁၆၀၊ အကျယ်ပေ ၃၀ရှိ၍ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ရှိပြီး ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ပေ၊ အမြင့် ၁၁ပေရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်တော်မြို့ရှိ မဟာမုနိဗုဒ္ဓရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အလှူငွေများကို ပေးအပ်လှူဒါန်း၍ ဂန္ဓကုဋိပြာသာဒ်ကျောင်းတော်တန်ဆောင်းများ မွမ်းမံပြင်ဆင်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရှေးဟောင်းယဉ်ကျေးမှုလက်ရာကို မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရေးမှာကြားကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ပြီး ပရိဝုဏ်အတွင်းရှိ ဦးတော်ဆေးကန်၌ ဇီဝိတဒါနအဖြစ် ငါးများကို ဘေးမဲ့လွှတ်ပေးသည်။

ရန်ကုန်-စစ်တွေလမ်းအပိုင်း(၂)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်-စစ်တွေလမ်းအပိုင်း(၂)(ကြာအင်းတောင်-စစ်တွေအပိုင်း)စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာဦးစိုးတင့်က စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အင်ဂျင်နီယာမှူး ဦးခင်မောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လမ်း)ဦးကျော်တင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရာသီမရွေး ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် လမ်းကြံ့ခိုင်မှုအခြေအနေများကို မျက်ခြည်မပြတ် ကြည့်ရှုထိန်းသိမ်းရေး၊ ကတ္တရာလမ်းကို အပိုင်းလိုက် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရေးမှာကြားသည်။

ပြုပြင်ထိန်းသိမ်း

ရန်ကုန်-စစ်တွေလမ်းအပိုင်း(၂)အတွင်း မင်းပြား၊မြောက်ဦး၊ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေ မြို့နယ်တို့ပါဝင်ပြီး လမ်းအရှည် ၁၂၇မိုင် ၇ဖာလုံရှိသည်။ ကတ္တရာလမ်း ၁၀၁မိုင်နှင့် ကျောက်ချော လမ်း ၂၆မိုင်တို့ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုမိုးကာလအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပွင့်လင်းရာသီတွင် ၉မိုင် ၅ဖာလုံကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငရုတ်ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေးရေးစံပြခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်လင်းက စံပြခြံ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စံပြခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ပုဏ္ဏားကျွန်းမြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ရော်ဘာပျိုးပင်သုံးသောင်း ပျိုးထောင်ထားရှိမှု၊ ကိုင်းပွားခင်းများ ပျိုးထောင်သွားမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရခိုင်ပြည်နယ်အတွင်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးမှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အတူ ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်ရင်းခန်းမသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကြကာတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က မြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ ဒေသတွင် ဖြစ်ထွန်းအောင်မြင်မည့် အခြားသီးနှံများ၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင် အောင်မြင် ဖြစ်ထွန်းအောင် စိုက်ပျိုးရေး၊ ရေငန်ပုစွန်နှင့်ဒေသကြက်တိုးချဲ့မွေးမြူဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်အားပေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၇ ရက်နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့ ကန်တော်ကြီးစိုက်ခင်း၌ကျင်းပသည့် စစ်တွေမြို့ ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးကြည်ဟန်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ခြံစည်းရိုးကြက်ဆူပင်များကို လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအားဝေငှပေးအပ်ကြပြီး ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြ၍ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် ၄၈၀၀ကို တပျော်တပါး စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စစ်တွေမြို့နယ်၌ ခြံစည်းရိုး ကြက်ဆူပင်များကို ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၅၀၀၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧက ၁၀၀၀၀စိုက်ပျိုးသွားမည်ဖြစ်ပြီး အပင်ပေါင်း ၆၅၀၀၀၀ကို ပျိုးထောင်ထားရှိကာ ဧက ၄၈၀ စိုက်ပျိုးပြီးစီးကြောင်းသိရှိရသည်။ (သတင်းစဉ်)

❐ ကာကွယ်ရေးမှ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ ထန်းတပင်မြို့နယ်အဝင် အေးရွာလေးအထိ ကတ္တရာကွန်ကရစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အဆိုပါလမ်းပိုင်းဖြစ်သည့် ထန်းတပင်မြို့နယ် ထိန်တစ်ပင်ရွာအနီး ကျောက်ခင်းကျင်းနေသည့်လုပ်ငန်းခွင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဖောက်လုပ်လျက်ရှိသော လမ်းအရှည်ပေ ၁၆၅၀၀၊ အကျယ် ၁၄ပေတွင်(၁X၁လက်မခွဲ) လိပ်သဲကျောက်ခင်းခြင်းလုပ်ငန်း၊ နှစ်လက်မထုဝင် ကတ္တရာ လောင်းခြင်းလုပ်ငန်း၊ ပထမထပ်ကတ္တရာ လောင်းခြင်းနှင့်ရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းများယနေ့အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လမ်းခင်းကျင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါကတ္တရာ ကွန်ကရစ်လမ်းခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ယနေ့အထိ (၁ X ၁လက်မခွဲ) လိပ်သဲကျောက်ခင်းခြင်းလုပ်ငန်းပေ ၁၁၅၀၀၊ နှစ်လက်မထုဝင် ကတ္တရာလောင်းခြင်းလုပ်ငန်းပေ ၉၅၁၀၊ ပထမထပ်ကတ္တရာလောင်းခြင်းလုပ်ငန်း ၉၁၁၈ပေနှင့် ရေပိတ်လွှာ ကတ္တရာလောင်းခြင်းလုပ်ငန်း ၈၇၄၅ပေဆောင်ရွက်ပြီးစီးကြောင်းသိရှိရသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးစီး၍ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပုသိမ်ညွန့်ရပ်ကွက်ရှိ အမှိုက်ကန်များ၊ ရေမြောင်းများ၊ ချုံနွယ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ခြင်ဆေးပက်ဖျန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ကွန်ချောင်းရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let’s Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
၅:၁၅ ၆။ သီချင်းကြီးပဒေသာ
၅:၃၀ ၇။ **“သတိနဲ့ယှဉ်အသိနဲ့ပြင်” (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၅:၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၂။ ထူးချွန်မြန်မာအမျိုးသမီးများ (အပိုင်း-၁)
၇:၁၅ ၁၃။ တေးဂီတအစီအစဉ်
၇:၃၀ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇:၄၀ ၁၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လင်းခေးမြို့နယ်ဒါးဆိပ်ကျေးရွာ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **“မိုးသက်လေကိုခွေတဲ့ဆောင်း” (နိုင်းနိုင်း၊နေအောင်၊ အိန္ဒြာကျော်ဇင်၊ပပဝင်းခင်၊ ခင်သန်းနု) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပြည်တွင်းပြည်ပ အဖျက်သမားများ၏အကြံနှင့် သတိပြု

ယနေ့မြန်မာနိုင်ငံတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကမ္ဘာသိချမှတ်ကြေညာပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားတည်တံ့ရေးအတွက် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်သည့် နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေးအခြေခံကောင်းများ ရရှိစေရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏အသိပညာပိုင်း၊ အတွေးအခေါ်ပိုင်းပိုမိုကျယ်ပြန့် မြင့်မားလာစေရန်အတွက်လည်းကောင်း တစ်ဖက်မှကြိုးပမ်းဖော်ဆောင်မြှင့်တင်ရင်း တစ်ဖက်မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အနှောင့်အယှက်၊ အတားအဆီး၊ အခက်အခဲများကြားမှ ညင်သာချောမွေ့အောင် ဆောင်ရွက်ပေးနေကြောင်း ကျွန်တော်တို့အားလုံး ကိုယ်တွေ့မျက်မြင်၊ မျက်ဝါးထင်ထင်ဖြစ်၍ နားလည်သဘောပေါက်သည်နှင့်အမျှ လက်ခံယုံကြည်လျက် ရှိကြပါသည်။

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံး အဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ၇၀ ရာခိုင်နှုန်းကျော် ချမှတ်နိုင်ခဲ့ပြီးဖြစ်၍ မကြာခင် အောင်မြင်ပြီးမြောက်တော့မည်ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်၏ တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရများကိုလည်း မှန်းမျှော်ပုံဖော်၍ ရရှိနေပြီဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ပြည်သူလူထုကြီး လိုလားတောင့်တသည့် ငြိမ်းချမ်းသာယာဝပြောမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးမှုတို့ကို အပြည့်အဝရရှိရန် လက်တစ်ကမ်းမျှသာ လိုတော့သည်ဟု ဆိုနိုင်ပါသည်။

ယင်းသို့သော အခြေအနေကောင်းနှင့် အချိန်အခါကောင်းတွင် ပြည်တွင်းပြည်ပအဖျက်သမားများနှင့်တကွ ဗကပတို့က တိုင်းပြည်၏ ကြမ္မာရဟတ်ကို တစ်ပတ်နောက်ပြန်လည်စေပြီး နိုင်ငံနှင့် ပြည်သူအား ငရဲခန်းအတွင်းသို့ ထပ်မံသွတ်သွင်းရန် ဝိုင်းဝန်းလုပ်ကြံနေကြကြောင်း မကောင်းသတင်းများကိုလည်း နာကြည်းခံပြင်းဖွယ် ကြားသိနေရပါသည်။

ဇွန်လ ၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ပြည်တွင်းရှိအမျိုးသားသစ္စာဖောက်ပုဆိန်ရိုးများ၊ အဆိုးမြင်ဝါဒီများ၊ ပြည်ပြေးများ၊ သောင်းကျန်းသူများနှင့် ပြည်ပမှ ခေတ်သစ်ကိုလိုနီနယ်ချဲ့များက မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေးတိုက်ကွက်ဟူသည့် သုံးဘက်သုံးတန်တိုက်ကွက်ဖြင့် မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းဟန့်တား နှောင့်ယှက်လျက်ရှိကြောင်း၊ ယင်းဟန့်တားနှောင့်ယှက်မှုများအနက် မန္တလေးမြို့မှ စာရေးဆရာမကြီးလူထုဒေါ်အမာ၏သားဖြစ်သူ ဗကပဖိုးသံချောင်းနှင့် လက်ကျန်ဗကပများ၏ တိုင်းဆူပြည်ဖျက်လှုံ့ဆော်မှုများလည်း ပါဝင်ကြောင်း၊ ဗကပဖိုးသံချောင်းက မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲရန်ဟုဆိုကာ ပြည်ပတပ်များကိုခေါ်ယူပြီး နိုင်ငံတော်အစိုးရအားရင်ဆိုင်တိုက်ပွဲဝင် ဖြုတ်ချခြင်း၊ အတိုက်အခံအင်အားစုများက လက်နက်စွဲကိုင်တော်လှန်ခြင်း၊ တပ်မတော်သားအချို့ကို ၎င်းတို့ဘက်ပါလာအောင် သွေးဆောင်စည်းရုံးခြင်း စသည့် နည်းလမ်းများဖြင့် တိုက်ကွက်ဆင်ရန် အင်တာနက်ဝက်ဘ်ဆိုက်တွင်တင်ကာ သွေးထိုးလှုံ့ဆော်နေကြောင်း ဖတ်ရှုလိုက်ရပါသည်။ ထို့အတူ NCUB ကလည်း ဆူပူအုံကြွမှုနှင့် မင်းမဲ့စရိုက်များဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်စာများ ဖြန့်ဝေနေပါသည်။ ပြည်ပအသံလွှင့်ဌာနအချို့ကလည်း ဗကပ၊ NCUB စသူတို့နှင့် ပုလင်းတူဘူးဆို့လုပ်ကာ မြှောက်ထိုးပင့်ကော် ထုတ်လွှင့်လျက်ရှိကြောင်း သိရပါသည်။

ဤနေရာတွင် ကွန်မြူနစ်ဆိုလျှင် သေလောက်အောင်ပင် မုန်းသော အနောက်ဆရာကြီးများ၊ လက်ပါးစေအသံလွှင့်ဌာနများ၊ ဆန့်ကျင်ဘက်နိုင်ငံရေးအုပ်စုများ၊ ပြည်ပြေးများ၊ သောင်းကျန်းသူများက တစ်ဖက်မှ ဒီမိုကရေစီရရှိရေးဟု ကြွေးကြော်နေပြီး တစ်ဖက်မှလည်း လက်ကျန်ဗကပအချို့၏ အာဏာနီထူထောင်ရေး လုပ်နည်းလုပ်ဟန်နှင့် အကြံအစည်များအတိုင်း တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ပူးတွဲလက်ခံကျင့်သုံး လှုံ့ဆော်နေတာဘာကြောင့်လဲဟူသောအကြောင်းရင်းကို ကျွန်တော်တို့ လေ့လာဆန်းစစ်ခဲ့ကြပါသည်။

ယနေ့ မြန်မာနိုင်ငံ ရှေးရှုဦးတည် လျှောက်လှမ်းနေသောလမ်းကြောင်းသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပါ။ ယနေ့မြန်မာနိုင်ငံတွင် ဖော်ဆောင်ကျင့်သုံးနေသည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်မှာလည်း အားလုံးမျက်မြင်ဒိဋ္ဌပင် ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်မှုကို အခိုင်အမာပြဋ္ဌာန်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲအတည်ပြုနိုင်ရေးမှာလည်း အလှမ်းမဝေးတော့ကြောင်း မြင်တွေ့နေရပြီဖြစ်ပါသည်။ သို့စဉ်လျက် မြန်မာနိုင်ငံ၌ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းဆူပူအုံကြွမှုဖြင့် လုပ်မှရမည်ဟူသော အယူအဆဆိုးကို အမွှေရိုက်သွင်းနေသူများ၏ လုပ်နည်းလုပ်ဟန်နှင့် အကြံအစည်မှာ ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်ကို ချောက်ကမ်းပါးထဲဆွဲချရန် အကောက်ဉာဏ်ဖြင့် ခလောက်ဆန်နေခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

မြေပေါ်ဆူပူအုံကြွမှုများနှင့် မြေအောက်လက်နက်ကိုင် တိုက်ပွဲများဆက်စပ်ကာ အာဏာရယူရမည်ဟူသော အယူအဆသည် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)က တစ်သက်လုံး ကျင့်သုံးခဲ့သော အစွန်းရောက်အယူအဆဖြစ်ပါသည်။ ဗကပ၏ ထိုအယူအဆသည် လက်ဝဲသူငယ်နာမစင်သော နိုင်ငံရေးသမားများကို ကူးစက်ပြန့်ပွားကာ ၁၉၄၈ ခုနှစ်မှစပြီး တိုင်းပြည်ကို စစ်မီးတောက်လောင်စေခဲ့ပါသည်။ ပြည်သူလူထုကို ဒုက္ခပင်လယ်ဝေစေခဲ့ပါသည်။ လွတ်လပ်ရေးရရှိချိန်မှစပြီး မြန်မာနိုင်ငံမှ ကွန်မြူနစ်များက သပိတ်စုံသူပုန်ထအယူအဆဖြင့် ဆူပူအကြမ်းဖက်ခဲ့သလို လူမျိုးရေးတစ်ယူသန် အကြမ်းဖက်သောင်းကျန်းသူများကလည်း လူမျိုးရေး အမြင်ကျဉ်းမြောင်းစွာဖြင့် ဆူပူအကြမ်းဖက်ခဲ့ကြသည်။ အဓိကရုဏ်းများ၊ လုယက်ဖျက်ဆီးပွဲများဖြစ်အောင် သွေးထိုးဖန်တီးခဲ့ကြသည်။ နိုင်ငံပိုင်အဆောက်အအုံများ၊ လမ်းတံတားများကို ဖျက်ဆီးကြသည်၊ မီးရှို့ကြသည်။ ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်ခဲယမ်းများ အဆင်သင့်ရှိနေချိန်ဖြစ်၍ လက်နက်စွဲကိုင်ပြီး တစ်ပြည်လုံးစစ်မီးတောက်လောင်သည်အထိ ဆူပူသောင်းကျန်းခဲ့ကြသည်။ ထိုမြေပေါ် ဆူပူအုံကြွအကြမ်းဖက်မှုများသည် ၁၉၈၈ အရေးအခင်းကိုလည်း အရုပ်ဆိုးအကျည်းတန်စွာ ပုံ့နှံ့လောင်မြိုက်စေခဲ့သည်။

တစ်ဖန် ပြည်တွင်းပြည်ပ အဖျက်သမားဟူသမျှသည် မြေအောက်လက်နက်ကိုင်တိုက်ပွဲများဖြင့် အာဏာမရနိုင်သောအခါ မြေပေါ်ဆူပူအုံကြွမှုများကို ဖောင်းပေးဖန်တီးပြီး ပြည်သူလူထုကို စတေးခဲ့ကြသည်။ မြေပေါ်မြေအောက် နိုင်ငံရေးအုပ်စုဟူသမျှသည် ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်ကို ဆူပူအုံကြွမှုဝဲဩဃအတွင်း ဆွဲနှစ်သည့်နည်းကိုသာ အစဉ်တစိုက် ကျင့်သုံးလာကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုထောက်ထားပြီး နိုင်ငံရေးကို လုပ်ဆောင်တတ်သော နိုင်ငံရေးသမားဟူ၍ မြန်မာနိုင်ငံ၌ မရှိသလောက်ပင် ရှားခဲ့ပြီဟု ဆိုရပါတော့မည်။

သေသည့်တိုင် အစွဲချွတ်၍ရနိုင်မည်မဟုတ်သော ဗကပတို့အဖို့ကား ၎င်းတို့အာဏာမရမချင်း ၎င်းတို့၏ တရားသေအယူအဆကို စွန့်လွှတ်လိမ့်မည်မဟုတ်ချေ။ ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ၎င်းတို့အား ဘုန်းဘုန်းလဲကျအောင် ချေမှုန်းခဲ့သော တပ်မတော်အပေါ်လည်း ဗကပလက်ကျန်များက အာဃာတကြီးမားစွာဖြင့် ဆက်လက်ဆန့်ကျင်နေမည်သာဖြစ်သည်။ ဤနေရာတွင် အလျဉ်းသင့်၍ ဗကပတို့၏ အကြမ်းဖက်ဖြုတ်ထုတ်သတ်အစွဲမကျွတ်မှု၊ ဗကပဖိုးသံချောင်း၏ ယနေ့လုပ်ရပ်၊ ၎င်း၏အစ်ကို(တောတွင်း၌ အကြမ်းဖက်သတ်ဖြတ်ခံရသူ) ဗကပထွန်းကျော်(ခေါ်)စိုးဝင်း၏ဖြစ်ရပ်နှင့် ၁၉၈၈ တိုင်းဆူပြည်ဖျက်အကြမ်းဖက်မှုများ ဆက်စပ်နေပုံကို သတိပြုဆင်ခြင်နိုင်ရန် ဥပမာသာဓကများဖြင့် ဖော်ပြလိုပါသည်။

ရဲဘော်ထွန်းကျော်(ခေါ်)စိုးဝင်းသည် လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ သားတစ်ယောက်ဖြစ်ပြီး ဗကပယူဂျီများ၏ သိမ်းသွင်းမှုကြောင့် ဗကပဗဟိုသို့ ရောက်ရှိတောခိုသွားခဲ့သူဖြစ်ပါသည်။ ပဲခူးရိုးမရှိ ဗကပဗဟိုသည် တပ်မတော်၏ ထိုးစစ်ကြောင့် တစ်ပြေးတည်းပြေးနေရစဉ် ၎င်းတို့၏လမ်းစဉ်အမှားကို ကာကွယ်သည့်အနေဖြင့် ဘဝဟာစ်တိုင်လှုပ်ရှားမှုကို ပဲခူးရိုးမမြရာပင်တော၌ ပြုလုပ်ခဲ့သည်။ ထိုစဉ်က ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းတို့အဖွဲ့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် တစ်ယူသန်စိတ်ဖြင့် မနူးမနပ်ဖြစ်နေသော တပ်နီအမည်ခံ ဗကပလူငယ်များသည် ၎င်းတို့၏ မိဘဆွေမျိုးများကိုပင် ပြန်လည်အပုပ်ချပြီး စော်ကားမော်ကား ပြုလုပ်ခဲ့ကြသည်။ အချို့ဆိုလျှင် ခေတ်သစ်အဇာတသတ်လမ်းစဉ်ကိုလိုက်ပြီး ဖခင်ဖြစ်သူကို ကိုယ်တိုင်သတ်ဖြတ်ခဲ့သည်အထိ လူစိတ်ကင်းမဲ့ခဲ့ကြသည်။ ဗကပဗဟိုကော်မတီအတွင်းရေးမှူးရဲဘော်ငွေအား ၎င်း၏သားငယ် ဗကပဖိုးထူးက "သစ္စာဖောက်ငွေးကို ငါကိုယ်တိုင်သတ်မယ်၊ ငါကိုယ်တိုင် လည်လှီးမယ်"ဟု ကြွေးကြော်ပြီး ရဲဘော်ငွေအား သေဒဏ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ထိုမျှမက ရဲဘော်ငွေအား အခြားသော ဗကပတပ်နီများနှင့်အတူ ထိုးကြိတ်ကန်ကျောက်ရိုက်နှက်ကာ သတ်ဖြတ်ခဲ့ပါသည်။

ထို့အတူ တန်ပြန်တော်လှန်ရေးသမား၊ ပြန်လည်ပြင်ဆင်ရေးသမား၊ သစ္စာဖောက်ဟူသောစွဲချက်များဖြင့် ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေတွင် အသတ်ခံရသော ဗကပဗဟိုကော်မတီဝင် ဗိုလ်ရန်အောင်အား "လူတန်းစားတိုက်ပွဲမှာ ဆွေမျိုးမရှိဘူး၊ ဖအေဖြစ်ဖြစ် သားဖြစ်ဖြစ် ချရမှာပဲ"ဟု ဟစ်ကြွေးကာ စွဲချက်တင်ပြီး ကိုယ်တိုင်ပါဝင် သတ်ဖြတ်ခဲ့သူမှာ ဗိုလ်ရန်အောင်၏ အချစ်ဆုံးသား ဗကပ ဇေလတ်(ခေါ်)ရဲဘော်စောမင်းဖြစ်သည်။ ဗကပတို့၏ အဆိုပါ ဖြုတ်ထုတ်သတ်ပွဲကြီးတွင် ဗဟိုကော်မတီဝင် ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်ထွန်းရှိန်၊ ရဲ... စသူတို့လည်း ရက်ရက်စက်စက် အသ...

ထိုစဉ်က ယခု ဗကပဖိုးသံချောင်း၏... (ခေါ်)စိုးဝင်းကလည်း "ကျွန်တော့်မိဘ... နေရှင်တွေ၊ တော်လှန်ရေးအခြေအနေက... သတ်ဖို့ ဝန်မလေးဘူး"ဟု အားပါးတရ... နောက်ပိုင်းတွင် ဗကပကိုယုံမှတ်၍ ပုံအ... တောခိုလာကြသည့် ဗကပ ဘသန်း၊ ဘို... ထွန်းကျော်(ခေါ်)စိုးဝင်းလည်း အသက်... ဗကပတို့က ဗိုလ်ထွန်းငြိမ်း၏ဂိုဏ်းသား... ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့ မွန်း... ဗဟိုစခန်း၌ပင် ဝါးရင်းတုတ်များဖြင့်... ဗကပထွန်းကျော်တို့အဖွဲ့အား သစ္စာဖော... များဟု စွဲချက်တင် ရိုက်နှက်သတ်ဖြတ်ပြီ... သွေးဖြင့် ခြေဆေးခဲ့ကြသူများမှာ ဗက... ဖြစ်ကြပါသည်။

ယင်းသို့သော ၁၉၆၇-၆၈ ခုနှစ်မှ... ဗကပဗဟိုစခန်းတွင် ကျောက်ခမန်း... ဖြုတ်ထုတ်သတ် အကြမ်းဖက်လုပ်ရပ်မျ... လာသော ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ဗိုလ်... ဗိုလ်တင်ရှိန်တို့ရေးသားသည့် သခင်သန်း... စာအုပ်တွင် အသေးစိတ်ဖော်ပြထားသည... သည်။ နိုင်ငံတော် အာဏာရယူရေးအ... ဖြစ်ကာ လူစိတ်ပျောက်နေသော ဗကပတ... မှုများသည် ၁၉၈၈ ခုနှစ်၌ ဖြစ်ပွားခဲ့သေ... ဗကပအမာခံ ယူဂျီများ၏ အကွက်ချ... များကြောင့် ကြောက်ခမန်းလိလိ ကူး...

အရေးအခင်းကာလက မြန်မာ့ယဉ်... သည့် လူလူချင်း လူမြင်ကွင်း၌ အုပ်စုဖြ... ရက်ရက်စက်စက် သတ်ဖြတ်မှုများ ဖြစ်... သည့် ပြည်သူများ ယုံထင်ကြောင်ထင်ဖြ... များ တွင်တွင်ထုတ်လွှင့်ပြီး ဘုမသိဘမ... စွပ်စွဲကာ အမေးအမြန်းမရှိဘဲ ကားစ... ကြသည်။ ၁၈-၈-၈၈ ရက်နေ့မှ ၁... တစ်လမျှကာလအတွင်း အကြမ်းဖက်သ... ၅၅ ဦးကို ခေါင်းဖြတ်သတ်ခဲ့ကြသည်။... စသည်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခံရ၍... သေဆုံးခဲ့ရသည်။ အသေးစိတ်ကို ၁၉၈၈... ရက်စက်ကြမ်းကြုတ်မှု ဖြစ်ရပ်အမှန်များ... ငရဲခန်းများအတွင်းက ဖြတ်သန်းခဲ့ရသေ... လည်းကောင်း၊ အခြားစာအုပ်စာစော... လည်းကောင်း လေ့လာတွေ့ရှိနိုင်ပါသ...

၁၉၈၈ ခုနှစ် အရေးအခင်းသည်... တိုးတက်ရေးအတွက် အပြောင်းအလဲကို... လူထု၏ဆန္ဒမှန်၌ စတင်အခြေခံခဲ့သော်... ကိုင်တိုက်ပွဲနှင့် မြေအောက်ဆူပူအုံကြွမှု... ဖန်တီးရန် နှစ်ရှည်လများ ကြံစည်ကြိုး... များ၏ ဖြန့်ကြက်ဖောက်ခွဲမှုများနှင့် ပေါ်... အမြော်အမြင်ကင်းမှုကြောင့် မင်းမဲ့စရိုက်...

ရန်ကုန်ပြည်သူ့ ဆေးရုံကြီးရှေ့၌ မသင်္ကာသူဟုစွပ်စွဲခံရသူများကို ခေါင်းဖြတ်မသတ်မီ ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းဖမ်းဆီးထိုင်ခိုင်းထားစဉ်။

ပြည်တွင်းပြည်ပ အဖျက်သမားဟူသမျှသည် မြေအောက်... တိုက်ပွဲများဖြင့် အာဏာမရနိုင်သောအခါ မြေပေါ်ဆူပူအုံကြွမှုများ... ဖန်တီးပြီး ပြည်သူလူထုကို စတေးခဲ့ကြသည်။ မြေပေါ်မြေအော... အုပ်စုဟူသမျှသည် ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်ကို ဆူပူ... အတွင်း ဆွဲနှစ်သည့်နည်းကိုသာ အစဉ်တစိုက် ကျင့်သုံးလာကြသ... ထက်တိုင်ပင်ဖြစ်သည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီ... ထောက်ထားပြီး နိုင်ငံရေးကို လုပ်ဆောင်တတ်သော နိုင်ငံ... မြန်မာနိုင်ငံ၌ မရှိသလောက်ပင် ရှားခဲ့ပြီဟု ဆိုရပါတော့မည်။

...နှင့် သတိပြုသင့်သော အမှန်(၁)

၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်း၌ ဆူပူအကြမ်းဖက်သူ လူတစ်စုက အဖျက်လုပ်ရပ်ဟူသမျှကို လုပ်ခဲ့ကြသည်။ မူလကတည်းကပင် ကြိုတင်စီမံ ဇာတ်တိုက်ထားသည့်အတိုင်း ဗကပ၊ KNU သောင်းကျန်းသူများကလည်း တိုက်ပွဲကြီးများ ဆင်နွှဲကာ တစ်စခန်းထခဲ့ကြသည်။ အနောက်ဆရာကြီးများက လည်း မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံ အခြွေအရံနိုင်ငံဖြစ်စေရန် သွေးတိုးစမ်းခဲ့ကြသည်။ အချုပ်အခြာအာဏာကို ထိပါးစော်ကား ခဲ့သည်။ ရှေ့မီနောက်မီပုဂ္ဂိုလ်များက ဂျပန်ခေတ်က ခေတ်ပျက် တယ်ဆိုတာ ၁၉၈၈ ခုနှစ်က ခေတ်ပျက်တာကို ဘယ်လိုနည်းနှင့်မျှ လိုက်မမီဘူးဟု ပြောလာကြသည်။ သွေးအေးလာချိန်ကျမှ တပ်မတော်ကို ကျေးဇူးတင်ရကောင်းမှန်း သိလာခဲ့ကြသည်။ ထိုစဉ်ကသာ တပ်မတော်က နှစ်ရက်ခန့်နောက်ကျပြီး နိုင်ငံ့တာဝန် ကို မယူခဲ့ပါက တိုင်းပြည် ပြာပုံဖြစ်နေပြီဟု ဆိုကြသည်။

စိုးမြကျော်နှင့် စောမြအောင်

ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်ဘတင်(ခေါ်)ဂိုရှယ် စသူတို့လည်း ရက်ရက်စက်စက် အသတ်ခံခဲ့ကြရသည်။

ထိုစဉ်က ယခု ဗကပဖိုးသံချောင်း၏အစ်ကို ဗကပထွန်းကျော် (ခေါ်)စိုးဝင်းကလည်း "ကျွန်တော့်မိဘတွေဟာ သွေးစုပ်သူတွေ၊ ခနရှင်တွေ၊ တော်လှန်ရေးအခြေအနေကတောင်းဆိုလာရင် သူတို့ကို သတ်ဖို့ ဝန်မလေးဘူး"ဟု အားပါးတရ ဟစ်ကြွေးခဲ့ပါသေးသည်။ နောက်ပိုင်းတွင် ဗကပကိုယုံမှတ်၍ ပုံအပ်ပြီး ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသည့် ဗကပ ဘသန်း၊ ဘိုးသာ၊ ခင်ဝင်းတို့နှင့်အတူ ထွန်းကျော်(ခေါ်)စိုးဝင်းလည်း အသက်ဘေးမှ ပြေးမလွတ်ခဲ့ပေ။ ဗကပတို့က ဗိုလ်ထွန်းငြိမ်း၏ဂိုဏ်းသားများအဖြစ်စွပ်စွဲကာ ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗကပ ဗဟိုစခန်း၌ပင် ဝါးရင်းတုတ်များဖြင့် ရိုက်သတ်ခဲ့ကြသည်။ ဗကပထွန်းကျော်တို့အဖွဲ့အား သစ္စာဖောက်၊ ဖောက်ပြန်ရေးသမား များဟု စွဲချက်တင် ရိုက်နှက်သတ်ဖြတ်ပြီး ၎င်းတို့၏ လည်ချောင်း သွေးဖြင့် ခြေဆေးခဲ့ကြသူများမှာ ဗကပတပ်နီ အမျိုးသမီးများ ဖြစ်ကြပါသည်။

ယင်းသို့သော ၁၉၆၇-၆၈ ခုနှစ်များအတွင်းက ပဲခူးရိုးမရှိ ဗကပဗဟိုစခန်းတွင် ကျောက်ခမန်းလိလိ ကျူးလွန်ခဲ့သည့် ဖြုတ်ထုတ်သတ် အကြမ်းဖက်လုပ်ရပ်များကို ဗကပမှအလင်းဝင် လာသော ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ဗိုလ်မင်းဒင်၊ ရဲဘော်စောလှနှင့် ဗိုလ်တင်ရှိန်တို့ရေးသားသည့် သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ စာအုပ်တွင် အသေးစိတ်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပါ သည်။ နိုင်ငံတော် အာဏာရယူရေးအတွက် သွေးရူးသွေးတန်း ဖြစ်ကာ လူစိတ်ပျောက်နေသော ဗကပတို့၏ ရက်စက်ကြမ်းကြုတ်မှုများသည် ၁၉၈၈ ခုနှစ်၌ ဖြစ်ပွားခဲ့သော အရေးအခင်းသို့လည်း ဗကပအမာခံ ယူဂျီများ၏ အကွက်ချစီစဉ် လှုံ့ဆော်သွေးထိုးမှုများကြောင့် ကြောက်ခမန်းလိလိ ကူးစက်ခဲ့ပါသည်။

အရေးအခင်းကာလက မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝမအပ်စပ်သည့် လူလူချင်း လူမြင်ကွင်း၌ အုပ်စုဖြင့် အနိုင်ကျင့်ချုပ်နှောင်ပြီး ရက်ရက်စက်စက် သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရိုးသားဖြူစင်သည့် ပြည်သူများ ယုံထင်ကြောင်ထင်ဖြစ်အောင် ကောလာဟလများ တွင်တွင်ထုတ်လွှင့်ပြီး ဘုမသိဘမသိသူများကို လက်ညှိုးထိုးစွပ်စွဲကာ အမေးအမြန်းမရှိဘဲ ကားစင်တင် ခေါင်းဖြတ်သတ်ခဲ့ကြသည်။ ၁၈-၈-၈၈ ရက်နေ့မှ ၁၉-၉-၈၈ ရက်နေ့အထိ တစ်လမျှကာလအတွင်း အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူ ၅၅ ဦးကို ခေါင်းဖြတ်သတ်ခဲ့ကြသည်။ ဓားလှံ၊ မိုန်း၊ ဂျင်ကလိ စသည်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခံရ၍ အပြစ်မဲ့ပြည်သူ ၁၈ ဦး သေဆုံးခဲ့ရသည်။ အသေးစိတ်ကို ၁၉၈၈ ခုနှစ် အရေးအခင်းကာလ ရက်စက်ကြမ်းကြုတ်မှု ဖြစ်ရပ်အမှန်များစာအုပ်တွင်လည်းကောင်း၊ ငရဲခန်းများအတွင်းက ဖြတ်သန်းခဲ့ရသော မြန်မာပြည်စာအုပ်တွင် လည်းကောင်း၊ အခြားစာအုပ်စာစောင် မှတ်တမ်းများတွင် လည်းကောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းသည် တိုင်းပြည်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အပြောင်းအလဲကို လိုလားခဲ့ကြသော ပြည်သူ လူထု၏ဆန္ဒမှန်၌ စတင်အခြေခံခဲ့သော်လည်း မြေပေါ်လက်နက် ကိုင်တိုက်ပွဲနှင့် မြေအောက်ဆူပူအုံကြွမှုကို ချိန်ကိုက်လှုံ့ဆော် ဖန်တီးရန် နှစ်ရှည်လများ ကြံစည်ကြိုးပမ်းနေသော ဗကပ ယူဂျီ များ၏ ဖြန့်ကြက်ဖောက်ခွဲမှုများနှင့် ပေါ်ပင်နိုင်ငံရေးသမားများ၏ အမြော်အမြင်ကင်းမှုကြောင့် မင်းမဲ့စရိုက်များအဖြစ် ပြန့်ပွားကာ တိုင်းဆူပြည်ဖျက် အရေးအခင်းဖြစ်သွားခဲ့ရသည်။ အရေးအခင်း ပယောဂကိုမှီပြီး ဗကပယူဂျီများ၊ အနောက်အုပ်စုသံရုံးများ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာရ် စသည့် အသံလွှင့်ဌာနများ၊ နေရှင်း၊ ဗန်ကောက်ပို့စ် စသည့် သတင်းစာများ၊ အေးရှားဝိခ်၊ ဖာအီစတန် အီကော်နော်မစ်ရီဗျူး စသည့် စာစောင်များက မီးလောင်ရာလေပင့် လုပ်ခဲ့ကြသည်။ ပြည်တွင်းရှိ လက်ဟောင်းနိုင်ငံရေးသမားကြီးများ၊ ခါတော်မီပြည်တော်ပြန် နိုင်ငံရေးသမားများ၊ မျိုးဆက်သစ် နိုင်ငံရေး သမားဆိုသူများကလည်း ပွဲလှန့်ပြီး ဖျာခင်းရန် ကြိုးပမ်းခဲ့ကြသည်။

ရိုးရိုးသားသား ဆန္ဒပြသူများအား မင်းမဲ့စရိုက်ဝါဒီများက လွှမ်းမိုးဝါးမျိုခဲ့ပါသည်။ မြန်မာပြည်၏ အထက်အောက် ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ထားခဲ့ကြသည်။ ရထား သံလမ်းများကို ဖြုတ်ထားခဲ့ကြသည်။ ရထားများ၊ ကားများ ထွက်ခွင့်မရအောင် မြို့နယ်အလိုက် ပိတ်ဆို့ခဲ့ကြသည်။ အစိုးရရုံး ဌာနများကို ဝင်ရောက်စီးနင်းခြင်း၊ ဂိုဒေါင်များကိုဖောက်ထွင်းပြီး ပြည်သူပိုင်ပစ္စည်းများကို လုယက်ယူငင်ခြင်း၊ ဝန်ထမ်းအတွင်း သပိတ်အဖွဲ့များ ဖွဲ့စည်းစေကာ အုပ်ချုပ်မှုယန္တရား ရပ်တန့်ရပ်ဆိုင်း သွားစေခြင်း စသည့် အောက်လမ်းနည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြ ပါသည်။ ရန်ကုန်မြို့အတွင်းနှင့် မြို့ကြီးပြကြီးများ၌ သူတစ်လူ ငါတစ်မင်းဖြင့် လက်ရဲဇက်ရဲသတ်ဖြတ်ရဲသူများက နိုင်ထက်စီးနင်း လုပ်ရပ်များဖြင့် မင်းမူခဲ့ကြသည်။ ပြည်သူလူထုအများစုကြီးမှာ တရားဥပဒေစိုးမိုးမှုကို အားကိုးသမှုမပြုနိုင်တော့ဘဲ နီးရာဓားကို ကြောက်ခဲ့ကြရသည်။

ယင်းသို့ တိုင်းဆူပြည်ဖျက် အရေးအခင်းအဖြစ်သို့ ဆိုက်ရောက်အောင် ကြံစည်လုပ်ဆောင်ခဲ့မှုကြောင့် ၁-၈-၈၈ရက် မှ ၈-၈-၈၈ ကာလတိုအတွင်း ရန်ကုန်တိုင်း နယ်မြေတစ်ခုတည်း မှာပင် စက်ရုံအလုပ်ရုံ ၄၅ ရုံ၊ ကုန်လှောင်ရုံနှင့် ဂိုဒေါင် ၆၁ ခု၊ ရုံးဌာနအဆောက်အအုံ ၇၅ခု၊ လမ်းတံတား ၁၃ နေရာ၊ ဈေးဆိုင် ၂၂ ဆိုင်၊ ယာဉ်မျိုးစုံ ၃၇ စီး မီးရှို့ဖျက်ဆီးခြင်းခံရသည်။ နိုင်ငံပိုင်စက်ရုံအလုပ်ရုံ ကုန်ထုတ်အရင်းအနှီး ကျပ်ငွေ ၅၃ဒသမ ၅ကုဋေဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ အခြားသော ပျက်စီးဆုံးရှုံးမှု တန်ဖိုးသည် ကျပ် ၆၂ဒသမ ၀၅ကုဋေဖိုးအထိရှိခဲ့သည်။ ဆက်သွယ် သွားလာမှု၊ ကူးသန်းရောင်းဝယ်မှုများ ပျက်ပြားသွားသည်။ လောင်စာဆီထုတ်လုပ်မှု လျော့နည်းကာ ပြတ်လပ်မှုများ ဖြစ်ပေါ် ခဲ့ပြီး ကုန်ထုတ်လုပ်မှုများ ရပ်ဆိုင်းသွားခဲ့သည်။

၁၉၈၈ခုနှစ် မတ်လ ၁၂ရက်နေ့မှ ၁၈ရက်နေ့အထိ တစ်ပတ် မျှသောကာလအတွင်း မီးရှို့မှု ၁၅ မှု၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှု ၈၆ မှု၊ သမဝါယမဆိုင်ဖျက်ဆီးမှု ၁၆ မှု ဖြစ်ပွားခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ ၁၂ ရက်မျှသော ကာလ အတွင်း ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှု ၂၃ မှု ဖြစ်ပေါ်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးမှုကာလဖြစ်၍ အစိုးရက ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးက အစ တာဝန်ယူခဲ့ရသော်လည်း ဆူပူဖျက်ဆီးမှုများကြောင့် အစိုးရက တာဝန်မယူနိုင်တော့ပေ။ အရေးအကြီးဆုံးမှာ ဆန်ပြတ်လပ်မှုပင် ဖြစ်သည်။ ဆူပူအကြမ်းဖက်မှု များကြောင့် ပြည်သူလူထုမှာ ထမင်းငတ်မည့်ဘေးသို့ ဆိုက်ရောက်ခဲ့ရသည်။ ယင်းအတိုင်းသာ ဇာတ်မျောသွားလျှင် ပြည်သူတစ်ရပ်လုံး အငတ်ဘေးကြီး ဆိုက်ရောက်တော့မည်ကို ထိုစဉ်က တွက်ဆဆင်ခြင်နိုင်သူ အလွန် နည်းပါးခဲ့ပါသည်။

ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ကိုးလခန့် ရပ်ဆိုင်းသွား၍ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ထိုးကျသွားခဲ့ပါသည်။ တပ်မတော်က နိုင်ငံတော် တာဝန်ယူလိုက်ရသည့်အချိန်တွင် စီးပွားရေးအမွေခံဝန်းကျင်မှာ အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ နိုင်ငံခြားသတင်းထောက်တစ်ဦးက တပ်မတော် အစိုးရတာဝန်ယူချိန်တွင် နိုင်ငံခြားငွေပိုင်ဆိုင်မှုမှာ ဒေါ်လာ ရှစ်သန်းသာရှိ၍ ရေရှည်တွင် နိုင်ငံတည်ငြိမ်အောင် ထိန်းထားနိုင်ဖွယ်မရှိဟုပင် နိမိတ်ပြ ရေးသားခဲ့သည်။ အစိုးရသည် နှစ်လသုံးလအတွင်း ဒေါ်လာ ၁၅ သန်းခန့်သာ ရှာဖွေနိုင်လိမ့်မည် ဟု တွက်ဆခဲ့သည်။

...မားဟူသမျှသည် မြေအောက်လက်နက်ကိုင် ...သာအခါ မြေပေါ်ဆူပူအုံကြွမှုများကို ဇောင်းပေး ...ားခဲ့ကြသည်။ မြေပေါ်မြေအောက် နိုင်ငံရေး ...ရရှိရေးအတွက် တိုင်းပြည်ကို ဆူပူအုံကြွမှုဝဲဩဃ ... အစဉ်တစိုက် ကျင့်သုံးလာကြသည်မှာ ယနေ့ ...ဉ်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှု ... လုပ်ဆောင်တတ်သော နိုင်ငံရေးသမားဟူ၍ ... ရှားခဲ့ပြီဟု ဆိုရပါတော့မည်။

၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်း၌ ဆူပူအကြမ်းဖက်သူလူတစ်စုက အဖျက်လုပ်ရပ် ဟူသမျှကို လုပ်ခဲ့ကြသည်။ မူလကတည်းကပင် ကြိုတင်စီမံဇာတ်တိုက်ထားသည့်အတိုင်း ဗကပ၊ KNU သောင်းကျန်းသူများကလည်း တိုက်ပွဲကြီးများဆင်နွှဲကာ တစ်စခန်းထခဲ့ကြသည်။ အနောက်ဆရာကြီးများကလည်း မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံ အခြွေအရံနိုင်ငံဖြစ်စေရန် သွေးတိုးစမ်းခဲ့ကြသည်။ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည်။ ရှေ့မီနောက်မီပုဂ္ဂိုလ်များက ဂျပန်ခေတ်က ခေတ်ပျက်တယ်ဆိုတာ ၁၉၈၈ ခုနှစ်က ခေတ်ပျက်တာကို ဘယ်လိုနည်းနှင့်မျှ လိုက်မမီဘူးဟု ပြောလာကြသည်။ သွေးအေးလာချိန်ကျမှ တပ်မတော်ကို ကျေးဇူးတင်ရကောင်းမှန်း သိလာခဲ့ကြသည်။ ထိုစဉ်ကသာ တပ်မတော်က နှစ်ရက်ခန့်နောက်ကျပြီး နိုင်ငံ့တာဝန်ကို မယူခဲ့ပါက တိုင်းပြည်ပြာပုံဖြစ်နေပြီဟု ဆိုကြသည်။

အကြမ်းဖက်သူလူတစ်စု၏ ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခြင်းခံရသူတစ်ဦး၏သမီး ရှစ်တန်းကျောင်းသူကလေးက "ဒီမိုကရေစီတောင်းတာနဲ့ ကျွန်မအဖေနဲ့ဘာဆိုင်လို့လဲ၊ ဒီမိုကရေစီ ဆိုတာဟာ အဲဒီလိုလုပ်တာတွေကို ခေါ်တာလား"ဟု သွားရောက်သတင်းမေးသူများအား ငိုယိုပြီး မေးခွန်းထုတ်ခဲ့သည်ဟု ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုခဲ့ရပါသည်။ အဆိုပါ ရှစ်တန်းကျောင်းသူ ကလေးသည် ယခုအခါ ဘွဲ့ရပြီး အသက်(၃၀)ကျော်အရွယ် အိမ်ထောင်ရှင်အဖြစ်သို့ ရောက်ရှိနေ လောက်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် ဆူပူမှုများသည် ၎င်း၏စိတ်အစဉ်ဝယ် အရိပ်ထင်နေဆဲဖြစ်နေပါဦးမည်။ ၎င်း၏ဖခင် တွေ့ကြုံခဲ့ရသည့် အဖြစ်ဆိုးမျိုးနှင့် ၎င်း၏ခင်ပွန်းသည် ဖြစ်သူကို မတိုးစေလိုသည်မှာ ၎င်း၏ဆန္ဒအမှန် ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ကလည်း မြန်မာနိုင်ငံကို တိုင်းပြည်ကနုန မုန်တိုင်းကထန်ထန်ကာလများ၊ ငရဲခန်းအတွင်း ဖြတ်သန်းခဲ့ရသောကာလများမှ ကျော်လွှားလွတ်မြောက်ပြီး ရွှေပြည်တော် မျှော်မဝေးပြီမို့ ကာလသို့အရောက်မှ နောက်တစ်ခေါက် သမိုင်းဘီးတစ်ပတ်ပြန်မလည်စေလို တော့ပါ။ ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအား ငရဲခန်းအတွင်း သို့ ဝိုင်းဝန်းသွတ်သွင်းခဲ့ကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ မသမာသော၊ လူမဆန်သော၊ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကိုလည်းကောင်း၊ ယခုတစ်ဖန် ထပ်မံလုပ်ကြံလာသော ၎င်းတို့၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်နှင့် အကြံအစည်များကို လည်းကောင်း ထပ်လောင်းသတိပြု သုံးသပ်ဆင်ခြင်နိုင်ရေးအတွက် လေ့လာဆန်းစစ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ဆက်လက်၍လည်း လေ့လာဆန်းစစ် ဖော်ပြသွားပါဦးမည်။

ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတာဟာ မြေအောက်စည်းရုံးရေးတွေ တိုးချဲ့ဖို့၊ လူထုဆူပူအုံကြွမှုတွေနဲ့ အစိုးရကို အကျပ်ကိုင်ဖို့ ဆိုပြီး အခွင့်အရေးမယူသင့်တာတွေကို ယူပြီး လုပ်တဲ့အမှားကြောင့်ဖြစ်တယ်ဟု သုံးသပ်ချက် တစ်စောင်ရေး၍ သခင်သန်းထွန်း သုံးသပ်ချက်နှင့် စင်ပြိုင်တင်သွင်းပြီးနောက်ပိုင်းတွင် ဗကပဗိုလ်တင် မောင်နှင့်အဖွဲ့က ဓားဖြင့်ထိုးသတ်၍ ရဲဘော်ဌေးနှင့် အတူ မရှုမလှသေဆုံးခဲ့ရသူ ဗကပဗဟိုကော်မတီဝင် ရဲဘော်ဘတင်(ခ)ဂိုရှယ်။

ကျွန်တော့်မိဘတွေဟာ သွေးစုပ်သူတွေ၊ ခနရှင်တွေ၊ တော်လှန်ရေးအခြေအနေက တောင်းဆိုလာရင် သူတို့ကို သတ်ဖို့ဝန်မလေးဘူးဟု ဟစ်ကြွေးပြီး အသေဆိုးနှင့် သေရသူ ဗကပ ထွန်းကျော်(ခ)စိုးဝင်း။ (လူထုဦးလှနှင့် လူထု ဒေါ်အမာတို့၏သား)။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့ မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဆက်လက်၍ ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်းအတွင်း နွေစပါးများ ရိတ်သိမ်းနေမှု၊ မိုးစပါးများ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှု၊ လက်တွန်းလယ်ထွန်စက်ဖြင့် ထွန်ယက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမန်နေဂျာ ဦးအောင်ကြင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဦးမြင့်ထူး၏ တစ်ဧက မျိုးသန့်ထုတ်လုပ်မှု စပါးအထွက်နှုန်းမှာ အစို ၁၅၁ ဒသမ ၀၇ တင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ မိုင်တိုင် ၂၀/၃ ၌ ရွှေသွယ်ရင်စပါး ၁၀ဧက၊ ဆင်းသွယ်လတ် လေးဧက စုစုပေါင်း ၁၄ဧက စိုက်ပျိုးထားသည့် လယ်သမားဦးမောင်ထွေး၏ စပါးစိုက်ခင်းနှင့် ခင်းကျင်းပြသထားသည့် ရွှေမြန်မာ၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ရွှေသွယ်ရင် စသော မျိုးစပါးများအခြေအနေကိုလည်းကောင်း၊ ဦးဝင်းမြင့်စိုက်ပျိုးထားသည့် ရွှေသွယ်ရင်စပါး ၁ ဒသမ ၅ ဧက စိုက်ပျိုးအောင်မြင်နေမှုနှင့် စပါးခြွေလှေ့စက်ဖြင့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဥက္ကံကျေးရွာရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ(ရေနံ့သာ)သို့ ရောက်ရှိရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး တင်ဦးက ကြက်ဆူပင် ဧက ၂၀၀ စိုက်ပျိုးထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ(ရေနံ့သာ)အတွင်း စိုက်ပျိုးမြေ ၁၂၀၉ ဒသမ ၅၄ဧကမှ စိုက်ပျိုးပြီးမြေ ၆၄၂ ဧကတွင် လယ်မြေ ၆၅ ဒသမ ၅ဧကနှင့် ယာမြေ ၅၇၆ဒသမ၅ဧကတို့ စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်မြေများတွင် ကြက်ဆူစမ်းသပ်စိုက်ပျိုးမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှုနှင့် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကွင်းအမှတ်(၃၉)၌ ကျင်းပသည့် ၂၀၀၆/၂၀၀၇ မိုးစပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးမှု သရုပ်ပြပွဲသို့ တက်ရောက်၍ ရွာတော်ကလေးကျေးရွာတွင် မနောသုခစပါး အတန်းလိုက်တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုနှင့် လယ်ထွန်စက်များဖြင့် ထွက်ယက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ညောင်ဝန်းကျေးရွာအနီး မိုင်တိုင် ၄၆/၀ ၌ ကျင်းပသည့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက် ရှစ်မိုင်အကွာ မာလဲချောင်းပေါ်တွင် တည်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသို့သွားရောက်၍ ရေပိုလွှဲနေရာကိုလည်းကောင်း၊ ရေစိမ့်တားနံရံတည်ဆောက်မှုနှင့် တာတမံ မြေဖို့ခြင်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ရေထိန်းမျှော်စင်နှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက မာလဲနတ်တောင် ရေလှောင်တမံ စီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရေလှောင်တမံပတ်ဝန်းကျင်မှ ယာမြေများကို လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မာလဲနတ်တောင်ရေလှောင်တမံ စီမံကိန်းသည် မာလဲနတ်တောင်ချောင်းကို အခြေပြုတည်ဆောက်ထားပြီး ရေဆင်းဧရိယာမှာ ၇၅စတုရန်းမိုင်ဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၇၂ပေ၊ အလျား ပေ ၁၁၈၅၀ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၇၄၇၀နှင့် ရေစိမ့်တားနံရံမှာ အလျားပေ ၂၄၀၀၊ အနက် ပေ ၆၀မှ ပေ ၈၀ ရှိသည်။ ရေပိုလွှဲနှင့် ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၁၀၀၀၀ ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် ၄၂/၃ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ခင်းသို့ လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၀/၇ ရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းဝင်းအတွင်း စိုက်ပျိုးထားသည့် ကိုင်းကူး ခြံစည်းရိုးကြက်ဆူပင် ငါးဧက တစ်အုပ်တစ်မ စိုက်ခင်းကိုလည်းကောင်း ခံတက်ချဉ်စိုက်ကွင်း၌ စဉ့်ကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင် နှစ်ဧက အပင် ၂၄၀၀ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ယက်ကန်းစင်တောင်အနီး စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် နှစ်ဧကနှင့် ကင်းရွာမှ စုပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ငါးဧကအပင် ၆၀၀၀ စိုက်ခင်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာမှ ဒေသခံတောင်သူ ၃၆ဦး စိုက်ပျိုးထားသည့် ဆည်တော်ကြီးရေသောက် နွေစပါးမျိုးသန့်ဧက ၂၀၀ စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် မြနန္ဒာကျေးရွာ မျိုးသန့်စံပြကျေးရွာမှ ဒေသခံတောင်သူ ၄၅ဦးတို့၏ မျိုးသန့်ဧက ၂၀၀စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်း၊ ခေါင်နှံပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အထွက်ကောင်း စပါးမျိုးသန့်များ စိုက်ပျိုးဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီးနောက် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မန္တလေးမြို့သို့ ညနေ ၃နာရီတွင်ရောက်ရှိ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဆယ်နှစ်အတွင်း မီဒီယာမြို့တော်ဖြစ်ရန် စင်ကာပူရည်မှန်း ရုပ်ရှင်ဇာတ်ကားများကို ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးပမ်းမည်

စင်ကာပူ ဇွန် ၂၀

စင်ကာပူနိုင်ငံသည် လာမည့် ၁၀ နှစ်တာ ကာလအတွင်း ကမ္ဘာ့မီဒီယာမြို့တော်ဖြစ်လာရန် ရည်မှန်းထားကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း စင်ကာပူနိုင်ငံက ထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုလာကြောင်း ချန်နယ်လ်နယူးစ်အေးရှား ရုပ်မြင်သံကြားဌာန၏ ဇွန် ၂၀ရက် အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံတွင် ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသော



အင်တာနက်စီးပွားရေးသတင်း

အာရှနိုင်ငံများ၏ ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာပြပွဲတွင် စင်ကာပူနိုင်ငံက High Definition TV (ခေါ်) ပုံရိပ်အရည်အသွေးကောင်းမွန်သည့် ရုပ်မြင်သံကြားထုတ်လွှင့်စနစ်နှင့် သက်ဆိုင်နေသော စက်ကိရိယာများကို ပြသထားသည်။ **(ဝဲပုံ)**

HDTV စနစ်အရ ရုပ်မြင်သံကြားထုတ်လွှင့်မှုမှာ ဒီဂျစ်တယ်နည်းပညာအရ ထုတ်လွှင့်မှုဖြစ်သည်။ ရှင်းလင်းပြတ်သားသည့် ပုံရိပ်အရည်အသွေးကို ဖြစ်ပေါ်စေသော HDTV ရုပ်သံထုတ်လွှင့်မှုစနစ် ပေါ်ထွန်းလာခြင်းဖြင့် အင်န်တီအက်စ်စီ၊ ဆီကမ်နှင့် ပါးလ်စသည့် အင်နာလော့ ရောင်စုံရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ်ထက် ပိုမိုကောင်းမွန်သော ပုံရိပ်များကို ရှုစားခွင့်ရရှိလာသည်။

စင်ကာပူ မီဒီယာဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့သည် ဒီဂျစ်တယ်ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ***အင်တာနက်။***

ဝါဆိုသင်္ကန်းကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိ-နိ ရန်ကုန်ဌာန၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် (၁၃၆၈ခု၊ ဝါဆိုလပြည့်ကျော် ၇ရက်)၊ ဇူလိုင် ၁၆ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကြွရောက်၍ ဆက်ကပ် လှူဒါန်းနိုင်ပါကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ စည်းရုံးဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းတို့သည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း စုပေါင်းခန်းမ၌ တပ်နယ်မှူး ဗိုလ်မှူးကြီးခင်စိုး၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးက ကျောက်ကြီးမြို့နယ်ကိုအခြေခံပြီး ပတ်ဝန်းကျင်ဒေသများကိုပါ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာစည်းရုံးဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နယ်မြေဖွံ့ဖြိုးလာစေရေးအတွက် စည်းရုံးရေးကို ယခုထက် ပိုမိုအောင်မြင်စွာ ဆောင်ရွက်ရေး၊ အသင်းဝင်များအနေဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး ကျေးလက်ဖွံ့ဖြိုးရေးကိစ္စများတွင် နယ်မြေခံလူထုနှင့် ပူးပေါင်းပြီး အားကြီးမာန်တက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ အသီးသီးပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးဦးစိုးသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျောက်ကြီးမြို့ရှိ ရှင်သီဝလိ ရဟန္တာမြတ်ခြေတော်ရာကျောင်းသို့ရောက်ရှိပြီး မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ရွာကြီးအင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဇဋ္ဌလ အမှူးပြုသော သံဃာတော်များအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ၂၀၀၆ ခုနှစ် ဇူလိုင် ၁ရက်နှင့် ၂ရက်တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စု ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များသည် ကျိုက္ကဆံကွင်း စီမံခန့်ခွဲရေးကော်မတီရုံးသို့ ဇွန် ၃၀ရက် အရောက် လာရောက်သတင်းပို့ကြရန်နှင့် ဇွန် ၃၀ရက် ည ၇နာရီတွင် အကြိုညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံ ကိုယ်စားလှယ်များအနေနှင့် အချိန်မီလာရောက်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ဦးတင်မြင့်-ဒေါ်ခင်မာကြည် သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိ-နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

KNU အကြမ်းဖက်သောင်းကျန်းသူများ မွန်ပြည်နယ် သထုံမြို့နယ်၌ ဆက်ကြေးငွေများ အဓမ္မတောင်းယူ

ရန်ကုန် ဇွန် ၂၀

KNU အကြမ်းဖက် သောင်းကျန်းသူများသည် နယ်မြေအေးချမ်း သာယာရေးနှင့် ရပ်ရွာလုံခြုံရေးကို ဟန့်တားနှောင့်ယှက်ဖျက်ဆီးပြီး ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဇွန် ၁၉ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒင်္ဂါးဆိပ်ကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများထံမှ ဆက်ကြေးငွေကျပ် ခုနစ်သိန်းကို အဓမ္မ တောင်းယူသွားကြောင်း သိရှိရသည်။

ခြိမ်းခြောက်

KNU အကြမ်းဖက်သောင်းကျန်းသူ ဗိုလ်အဆင့်ရှိ ကျော်နိုင် ဦးစီးသည့် အင်အား ၃၀ခန့်တို့သည် လက်နက်ကိုယ်စီကိုင်ဆောင်လျက် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒင်္ဂါးဆိပ်ကျေးရွာသို့ နံနက် ၁၀နာရီ ၁၀မိနစ်ခန့်တွင် ဝင်ရောက်လာကြပြီး ဒင်္ဂါးဆိပ်ကျေးရွာမှ ဦးကျော်မြင့် အပါအဝင် ရွာသားလေးဦးတို့အား ရွာ၏အနောက်ဘက်လမ်းဆုံ လယ်ကွင်းစပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြပြီး ဆက်ကြေးငွေကျပ် ၁၀သိန်းပေးရန် ခြိမ်းခြောက်ခဲ့ကြောင်း၊ ဦးကျော်မြင့်၊ ဦးကျော်လှိုင်၊ ဦးအိဗရာဟင်(ခ)မျိုးဦးနှင့် မနှင်းဝေတို့သည် အသက်ဘေးမှ လွတ်မြောက်ရေးအတွက် ရသမျှငွေကြေးကိုစုဆောင်းပြီး စုစုပေါင်း ငွေကျပ်ခုနစ်သိန်းကို ပေးလိုက်မှသာ KNU တို့က ၎င်းတို့အား ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ KNU အကြမ်းဖက် သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက လိုက်လံ ရှင်းလင်းလျက်ရှိသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် ၂၀၀၆-၂၀၀၇ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၂၀ရက်က မြို့နယ်ရုံးခန်းမတွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းလှစိန်က ဌာနဆိုင်ရာတာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်စဉ်။ (က-ပ)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းနင်းမိ၍ ပုလောမြို့နယ်၌ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၂၀

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ရှမ်းဒွတ်ကျေးရွာအုပ်စု နယ်မြေအတွင်း KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ဇွန် ၁၆ရက်တွင် အပြစ်မဲ့ပြည်သူနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရှမ်းဒွတ်ကျေးရွာအုပ်စု အင်းမဝကျေးရွာမှ ဦးနိုင်ဝင်း(၃၅)နှစ် (ဘ)ဦးရွှေကြည်နှင့် ကိုင်းကြီးကျေးရွာမှ ဦးတင်ထွန်း(၃၁)နှစ် (ဘ)ဦးဖိုးကြွယ်တို့နှစ်ဦးသည် အခြားရွာသူ၊ ရွာသား ၁၀ဦးနှင့်အတူ နံနက် ၆နာရီခွဲတွင် ရှမ်းဒွတ်ကျေးရွာ၏ အရှေ့မြောက်ဘက် ရှမ်းသေကြီး သတ္တုမိုင်းဟောင်း နေရာအနီး စလောင်ဒါတောင်ကုန်း၌ တညင်းသီး ကောက်နေစဉ် KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးကို ဦးတင်ထွန်းက နင်းမိခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ဦးတင်ထွန်း၏ ယာခြေဖမိုး၊ ပေါင်လယ်၊ လက်မောင်း၊ ဘယ်ခြေဖဝါး တို့တွင်လည်းကောင်း၊ ဦးနိုင်ဝင်း၏ ယာဘက်ရင်အုံတွင်လည်းကောင်း မိုင်းစများထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးတို့အား ယင်းနေ့ ညနေ ၄နာရီတွင် ပုလောမြို့ ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဆေးရုံဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မြလမ်းနေ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)-ဒေါ်တင်အေး မိသားစုက သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကြည်သိန်းလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခေတ်မီစက်များနှင့် ထုတ်ကာထား FAME ဆေးဝါးများ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	လူငယ်အာဟာရ (မောင်မောင်ဇော်လတ် The Ants နှင့်တွေ့ဆုံခြင်း)
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	ပြည်တွင်းထုတ်ကုန် ထုတ်လုပ်စို့ မြန်မာ့ခေတ်ဆားမှုန့်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မြန်မာမျိုးဟော့တို့ဗမာ"
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၂)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	Myanmar Video Rhythm
၁၀း၀၅	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည် ဆင်ရွှေလီ (အပိုင်း-၄)
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊စုမြတ်မွန်)
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း-၂)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၅-၆-၂၀၀၆)ရက်နေ့
၂၀၀၆ ခုနှစ် ဇူလိုင်လအတွက်
(၉-၇-၂၀၀၆)ရက်နေ့
နှင့်
(၃၀-၇-၂၀၀၆)ရက်နေ့



မုတ်သုံလေ အားအသင့်အတင့်ရှိမည်

၂၀၀၆ခုနှစ် ဇွန် ၂၀ ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ အောင်လံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ချောက်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ နေပြည်တော်တွင် ၁ ဒသမ ၆၆ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၁၅ လက်မနှင့် ရမည်းသင်းမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၂၁ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)	**၁၉-၆-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	**၂၀-၆-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း	**၂၀-၆-၂၀၀၆**
နေပူသည့်နာရီပေါင်း ၂ ဒသမ ၅ နာရီခန့်	**၁၉-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၆-၂၀၀၆	၀ဒသမ၁၆လက်မ	၀ဒသမ၃၁လက်မ	၁ဒသမ၂၆လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၂၁ဒသမ၇၃လက်မ	၂၉ဒသမ၈၄ လက်မ	၃၄ဒသမ၇၂လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၆-၂၀၀၆ ရက် ၁၈း၁၅ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

အိုလံပစ်နေ့အထိမ်းအမှတ် သိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ (Olympic Day Run) အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ (MDG Co., Ltd.) မှ ပံ့ပိုးကူညီမှုဖြင့် အသက်(၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားပြိုင်ကွင်းအတွင်း သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ Myanmar Distribution Group Company-Limited နာယက ဆရာကြီး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် လူငယ် အသက်(၁၇)နှစ်အောက် ကီလိုဝိတ်တန်းအလိုက် ပွဲစဉ်ပေါင်း ၂၅ ပွဲ ကျင်းပပြီးစီးသည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက်နံနက် ၁၀ နာရီတွင် ယင်းအားကစားခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာလူငယ်ရွက်လှေအဖွဲ့ အင်းလျားကန်တွင် လေ့ကျင့်စဉ်။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ဖော်လ်ဗို လူငယ်ကမ္ဘာ့ရွက်လှေပြိုင်ပွဲ မြန်မာလူငယ်အဖွဲ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၂၀

အင်္ဂလန်နိုင်ငံ Weynouth and Portland တွင် ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ရွက်လှေအဖွဲ့ချုပ် Volvo Youth Sailling World Championship-2006 ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ရွက်လှေအဖွဲ့သည် အင်းလျားကန်တွင် လေ့ကျင့်လျက်ရှိသည်။

မြန်မာလူငယ် ရွက်လှေအားကစားသမားများကို နည်းပြချုပ် ဦးသန်းစိန်နှင့် နည်းပြ ဦးဖုန်းကျော်မိုးမြင့်တို့က လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာလူငယ်ရွက်လှေအဖွဲ့သည် ပြိုင်ပွဲတွင် Int’l 420 Class အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် Laser အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲများယှဉ်ပြိုင်မည်ဖြစ်သည်။ Int’l 420 Class အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် နေလကျော်နှင့် မင်းမင်းအတွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် စုစန္ဒာဝေနှင့် ဇင်ပြေအောင် အတွဲနှင့် Laser အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် တင်ထူးဇော်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ယနေ့မိုးလေဝသ

၂၁–၆–၂၀၀၆

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ကမ္ဘာ့ဖလား အုပ်စု (က)အသင်းများ ယှဉ်ပြိုင် ဂျာမနီအသင်းက အီကွေဒေါအသင်းကို အနိုင်ရ

ဘာလင် ဇွန် ၂၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (က)တွင် ပါဝင်သော ဂျာမနီအသင်းနှင့် အီကွေဒေါအသင်းတို့ ဘာလင်မြို့ရှိ အိုလံပစ် အားကစားရုံတွင် အင်္ဂါနေ့က ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဂျာမနီအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အနိုင်ဂိုးများ

ဂျာမနီ လက်ရွေးစင်အသင်းမှ ကလိုဆေးက ပွဲချိန် ၄ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ၎င်းတစ်ဦးတည်း နှစ်ဂိုး သွင်းပေးခဲ့ပြီး ပွဲချိန် ၅၇မိနစ်တွင် ပိုဒေါ်စကီးက ပွဲသိမ်းဂိုးကို သွင်းယူခဲ့သည်။ ***အင်တာနက်။***

ဇွန် ၂၀ ရက်က ဘာလင်တွင်ကျင်းပသည့် ဂျာမနီအသင်းနှင့် အီကွေဒေါအသင်းတို့၏ပွဲတွင် ဂျာမနီဂိုးသမား ဂျင်းလေမန်းအား တွေ့ရစဉ်။
(အင်တာနက်)

ပိုလန်အသင်းက ကော်စတာရီကာကိုအနိုင်ရ

ဟန်နိုဗာ ဇွန် ၂၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (က)တွင်ပါဝင်သည့် ကော်စတာရီကာအသင်းနှင့် ပိုလန်အသင်းတို့ ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် အင်္ဂါနေ့က ယှဉ်ပြိုင်ကစားကြရာ ပိုလန်အသင်းက ကော်စတာရီကာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပိုလန်အသင်းမှ ဘိုဆက်ကီက ပွဲချိန် ၃၃ မိနစ်နှင့် ပွဲချိန် ၆၆ မိနစ်တို့တွင် ၎င်းတစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့ပြီး ကော်စတာရီကာအသင်းမှ ဂိုမက်ဇ်က ပွဲချိန် ၂၄ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သည်။

အင်တာနက်။

မျှော်မှန်းချက်ပန်းတိုင်ရောက်အောင် စပိန်အသင်း ဆက်လက်ကြိုးပမ်းမည်

ဘာလင် ဇွန် ၂၀

မိမိ၏ စပိန်အသင်းသည် လက်ရှိကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မျှော်မှန်းချက်ပန်းတိုင်အထိ ရောက်အောင် ဆက်လက်ကစားသွားနိုင်မည်ဟု ယုံကြည်ကြောင်း ဖာနန်ဒိုတောရက်စ်က အင်္ဂါနေ့တွင် ပြောကြားသည်။

စပိန်လက်ရွေးစင်အသင်း၏ တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် တူနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးနောက် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ စပိန်အသင်းသည် တနင်္လာနေ့က တူနီးရှားအသင်းနှင့် ကစားခဲ့ရာတွင် ကနဦးတစ်ဂိုးပေးခဲ့ရပြီးနောက် ပွဲကစားချိန် ၁၈ မိနစ်အတွင်း သုံးဂိုးဆက်တိုက်သွင်းယူကာ အနိုင်ရရှိခဲ့သည်။ စပိန်အသင်းသည် တူနီးရှားအသင်းကို အနိုင်ရရှိခြင်းဖြင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်မည့် လက္ခဏာများပြသလျက်ရှိသည်။ အုပ်စု(ဇ)တွင် ပါဝင်သော စပိန်အသင်းနှင့် အုပ်စုပွဲစဉ်တွင် တစ်ပွဲကစားရန်ရှိနေသေးသည်။ မိမိတို့၏အသင်းသည် စိတ်ဓာတ်ရေးရာအရ ကြံ့ခိုင်မှုရှိသလို ဘောလုံးပညာအရလည်း ထူးချွန်သူများဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်ကြောင်း တောရက်စ်က ပြောကြားသည်။

အင်တာနက်။

စပိန်အသင်း၏ တိုက်စစ်မှူး တောရက်စ်။ *(အင်တာနက်)*

နယ်သာလန်နှင့်ပွဲအတွက် အာဂျင်တီးနားနည်းပြ လူစာရင်းရေးဆွဲနေဆဲ

အာဂျင်တီးနားအသင်း နည်းပြ ပက်ကာမင်း။
(အင်တာနက်)

ဖရန့်ဖတ် ဇွန် ၂၀

အာဂျင်တီးနားလက်ရွေးစင်အသင်း၏ နည်းပြ ပက်ကာမင်းသည် ဗုဒ္ဓဟူးနေ့တွင် ဖရန့်ဖတ်မြို့၌ နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲအတွက် လူစာရင်းကို တစ်ရက်ကြိုတင်ထုတ်ပြန်ကြေညာခြင်းမရှိသေးဘဲ အပြောင်းအလဲများပြုလုပ်ရန် စဉ်းစားနေဆဲဖြစ်ကြောင်း အင်္ဂါနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မည်သည့်အသင်း အုပ်စုဗိုလ်ဖြစ်မည်ကို အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ဆားဘီးယားအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဂိုးကွာခြားချက်အရ နယ်သာလန်အသင်း၏ အထက်တွင် ရှိနေသည်။ ***အင်တာနက်။***

အင်္ဂလန်နောက်တန်းလူ ဂယ်ရီနဗီးလ် ကျန်းမာရေး စစ်ဆေးမှုခံယူရန်ရှိနေ

လန်ဒန် ဇွန် ၂၀

အင်္ဂလန်နောက်တန်းလူ ဂယ်ရီနဗီးလ်သည် ခြေသလုံးကြွက်သား နာကျင်မှုဝေဒနာအတွက် ဇွန် ၂၀ ရက်တွင် ဓာတ်မှန်ဖြင့် စမ်းသပ်စစ်ဆေးမှုကို ခံယူရန်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နဗီးလ်သည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပစဉ်ကလည်း ထိခိုက်ဒဏ်ရာ ရရှိထားမှုကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

နဗီးလ်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ထရီနီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲအတွက် လေ့ကျင့်ကစားစဉ်အတွင်း ခြေသလုံးကြွက်သား နာကျင်မှုဝေဒနာကို ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသူ နဗီးလ်သည် အုပ်စု(ခ)၏ နောက်ဆုံးလက်ကျန်ပွဲဖြစ်သော ဆွီဒင်နှင့်ယှဉ်ပြိုင် ကစားရမည့်ပွဲတွင် ပါဝင်ကစားခွင့် ဆုံးရှုံးထားပြီဖြစ်သည်။ ***အင်တာနက်။***

အင်္ဂလန်နောက်တန်းမှ ဂယ်ရီနဗီးလ်အား ဇွန် ၁၀ ရက် က ကျင်းပ သည့် အင်္ဂလန်–ပါရာဂွေး ပွဲတွင် တွေ့ရစဉ်။
(အင်တာနက်)

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အာဂျင်တီးနားနှင့် ပေါ်တူဂီအသင်း အုပ်စုဗိုလ်ဖြစ်ရန် အလားအလာကောင်း

ဇွန် ၂၁ ရက် (ယနေ့) အုပ်စု (ဂ)နှင့် အုပ်စု (ဃ)တို့မှ အသင်းများ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်။ အုပ်စု (ဂ)မှ အာဂျင်တီးနား-နယ်သာလန်၊ အိုင်ဗရီကို့စ်-ဆာဘီးယား၊ အုပ်စု (ဃ)မှ ပေါ်တူဂီ-မက္ကဆီကို၊ အီရန်-အင်္ဂလာတို့ ကစားကြမည်။

အုပ်စု (ဃ)ပွဲစဉ်များကို အရင်ကစားပြီး အုပ်စု (ဂ)အသင်းများ၏ ပွဲစဉ်များအား နောက်မှကစားမည်ဖြစ်သည်။

ပေါ်တူဂီနှင့် မက္ကဆီကို

၂၁-၆-၂၀၀၆
ဂျယ်ဆင်ကာချင်ကွင်း
အချိန်-ည ၈း၃၀ နာရီ၊ ဗုဒ္ဓဟူးနေ့
ည ၁၀း၃၀ နာရီတွင်
(မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

အင်္ဂလာ၊ အီရန်တို့ကို နိုင်ထားသောကြောင့် ပေါ်တူဂီက ခြောက်မှတ်ရထားသည်။ မက္ကဆီကိုက အီရန်ကိုနိုင်ပြီး အင်္ဂလာအား သရေကျထားသောကြောင့် လေးမှတ်ရသည်။ အင်္ဂလာက တစ်မှတ်ပဲရသေးသည်။

ရုတ်တရက်ကြည့်လျှင် ပွဲမှာပွဲကြီးပွဲကောင်းတစ်ခုဖြစ်သည်။ ပေါ်တူဂီရော မက္ကဆီကိုပါ အသင်းကောင်းများဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် သေသေချာချာစဉ်းစားကြည့်လျှင် တစ်သင်းနှင့်တစ်သင်း ထိန်းကစားမည်ဟု ယူဆရသည်။ တကယ်တမ်းခြေစွမ်းရည် ယှဉ်ကြည့်လျှင် ပေါ်တူဂီကသာသည်။ အထက်စီးမှ ကစားရမည်ဖြစ်သည်။

လောလောဆယ်တွင် အုပ်စု (ဂ)တွင် အာဂျင်တီးနားနှင့် နယ်သာလန်တို့သည် ခြောက်မှတ်စီရပြီး ရှေ့မှပြေးနေကြသည်။ ထို့ကြောင့် ၎င်းနှစ်သင်းစလုံးကို ကစားဖို့ခက်သည်။ အာဂျင်တီးနား၊ နယ်သာလန် (ခေါ်) ဟော်လန်၊ ပေါ်တူဂီ၊ မက္ကဆီကိုအသင်းများထဲတွင် မက္ကဆီကိုအသင်း အားအနည်းဆုံးဖြစ်သည်။ ထို့ကြောင့် ပေါ်တူဂီအသင်းပေါ်တွင် မူတည်သည်။ စာရေးသူသာ ပေါ်တူဂီနေရာတွင်ရှိလျှင် တစ်ဖက်မှ ဟော်လန်နှင့် ကစားရန် ရွေးချယ်ပါမည်။ ဥရောပအသင်းချင်းဖြစ်၍ ပိုလွယ်မည်ဟုထင်သည်။

ထို့ကြောင့် ပေါ်တူဂီနှင့် မက္ကဆီကိုပွဲကို သရေကျလိမ့်မည်ဟု ခန့်မှန်းမိသည်။

အီရန်နှင့်အင်္ဂလာ

၂၁-၆-၂၀၀၆
လိုက်ပဇစ်ကွင်း
အချိန်-ည ၈း၃၀ နာရီ၊ ဗုဒ္ဓဟူးနေ့

နှစ်သင်းစလုံးသည် အုပ်စုတက်ရန်အတွက် မျှော်လင့်ချက်မရှိချေ။ သို့သော်လည်း ပွဲစဉ်တစ်ခုအနေဖြင့် မကစားမဖြစ် ကစားကြရတော့မည်ဖြစ်သည်။

နှစ်သင်းကစားခဲ့သော အခြေအနေများကို လေ့လာကြည့်ရာတွင် အာရှအသင်းဖြစ်သော အီရန်အသင်းက အင်္ဂလာထက်သာသည်။ ပွဲဦးထွက်တွင် အီရန်က မက္ကဆီကို ကို ရှုံးသော်လည်း ခြေစွမ်းကောင်းသည်။ ပေါ်တူဂီနှင့်ပွဲတွင် အီရန်သည် အကြိတ်အနယ် ယှဉ်လိုက်ကစားနိုင်ခဲ့သည်။ ရသောအခွင့်အရေးများကိုသာ အသုံးချနိုင်ခဲ့လျှင် ရလဒ်တစ်မျိုးပြောင်းနိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ အီရန်ခြေစွမ်းသည် အင်္ဂလာအသင်းမျိုးကို အနိုင်ယူ ကစားနိုင်သည့် အနေအထားတွင်ရှိသည်။

အင်္ဂလာသည် ပေါ်တူဂီနှင့် ကစားသော ခြေစွမ်းရည်သာရခဲ့မည်ဆိုလျှင် အလွန်ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။ မက္ကဆီကို ပွဲတွင်လည်း ၁၀ ယောက်တည်းနှင့် ခံကစားနိုင်ခဲ့သည်။

ကစားခဲ့သော ခြေစွမ်းရည်များကို ယှဉ်ကြည့်ရာတွင် အင်္ဂလာအသင်းက အီရန်ထက် ပိုကောင်းသည်။ ဂုဏ်သိက္ခာအတွက် တကယ်ယှဉ်ပြိုင်ကစားကြမည်ဆိုလျှင် အလွန်ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။ နိုင်စရာရှိလျှင် အင်္ဂလာအသင်းပင် နိုင်လိမ့်မည်ဟု ထင်သည်။

ဂမ်ဆိုင်း

အာဂျင်တီးနားနှင့် နယ်သာလန်

၂၂-၆-၂၀၀၆
ဖရန့်ဖတ်ကွင်း
အချိန်-နံနက် ၁း၃၀ နာရီ၊ ကြာသပတေးနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

နှစ်သင်းစလုံး ခြောက်မှတ်ဖြင့် အုပ်စုထိပ်မှ ပြေးနေကြသည်။ အုပ်စု (ဃ)၏ရလဒ်အပေါ် မူတည်ပြီး ပွဲအခြေအနေပြောင်းလဲသွားနိုင်သည်။

ကစားခဲ့သော ပွဲများ၏ အခြေအနေကို သုံးသပ်ကြည့်ရာတွင် အာဂျင်တီးနားက နယ်သာလန်ထက် ပို၍ ကောင်းသည်။ နယ်သာလန်သည် ပွဲဦးတွင် ဆာဘီးယားနှင့်ကစားရသည်။ ဘယ်ဘက်ခြမ်း ရော်ဘင်ဆီမှသာ ထိုးဖောက်ကစားနေသောကြောင့် စိတ်ပျက်ဖွယ်ကောင်းသည်။ ဒုတိယပွဲစဉ်တွင် အနည်းငယ် ပိုကောင်းလာသည့် အိုင်ဗရီကို့စ်ကို အပိုင်ထိန်းချုပ်ပြီး အထက်စီးမှကစားသွားသည်။ သို့သော် ၎င်းခြေရည်သည် အာဂျင်တီးနားကစားခဲ့သော ခြေစွမ်းရည်ကို မမီချေ။

အာဂျင်တီးနားသည် အိုင်ဗရီကို့စ်နှင့် ပွဲဦးထွက်၌ ပွဲကို ထိန်းချုပ်ကစားသွားသည်။ အာဂျင်တီးနား၏ နောက်တန်း ညာဘက်တွင် အနည်းငယ်အားပျော့နေသည်။ နယ်သာလန်မှ ရော်ဘင်၎င်းဘက်ခြမ်းမှ ထိုးဖောက်တတ်သည်ကို ပရိသတ်များ မျက်စိထဲ အမှတ်ရမည်ထင်သည်။ ဆာဘီးယားနှင့်ပွဲတွင် အာဂျင်တီးနား၏ ခြေစွမ်းသည် ကြောက်ခမန်းလိလိဖြစ်ခဲ့ရသည်။ အာဂျင်တီးနား၏အသက်မှာ ကွင်းလယ်ဖြစ်သည်။

ထို့ကြောင့် နယ်သာလန်သည် အာဂျင်တီးနား၏ကွင်းလယ်ကို မည်ရွေ့မည်မျှ ဖျက်ထုတ်နိုင်မည်နည်း။ စောင့်ကြည့်ရမည်ဖြစ်သည်။ နှစ်သင်းစလုံး၏ ခြေစွမ်းရည်ညီကြသည်။ ပင်ကိုစွမ်းရည်ကောင်းသော ကစားသမားအုပ်စုက အာဂျင်တီးနားဘက်တွင်ရှိသည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်ရာတွင် အာဂျင်တီးနားနိုင်လိမ့်မည်ဟု ထင်သည်။

အိုင်ဗရီကို့စ်နှင့်ဆာဘီးယား

၂၂-၆-၂၀၀၆
အလိုင်းယင့်စ်အရီနာကွင်း (မြူးနစ်)
အချိန်-နံနက် ၁း၃၀နာရီ၊ ဗုဒ္ဓဟူးနေ့

နှစ်သင်းစလုံးသည် အာဂျင်တီးနားနှင့် နယ်သာလန်အသင်းများကို ရှုံးသည်။ ထို့ကြောင့်အုပ်စုတက်ရန် လုံးဝအခွင့်အရေးမရှိသော အသင်းများဖြစ်သည်။ သို့ဖြစ်၍ ပွဲအဖြစ် ကစားရမည်ပွဲဖြစ်သည်။

ဟော်လန်နှင့်အဖွင့်ပွဲကန်သော ဆာဘီးယား ခြေစွမ်းရည်ကောင်းသည်။ ဟော်လန်၏ ကွင်းလယ်ကို ဖျက်ထုတ်ပြီး တိုက်စစ်အားရိုက်ချိုးနိုင်ခဲ့သည်။ သို့သော် အာဂျင်တီးနားနှင့်ပွဲတွင် ဆာဘီးယား၏ကစားပုံသည် ညံ့သွားသည်။ အသင်းစုစည်းမှုလည်း ပျက်သွားသည်။

အိုင်ဗရီကို့စ်သည် အာဂျင်တီးနားနှင့် ဟော်လန်ကိုရှုံးသော်လည်း ယှဉ်ပြီးလိုက်ကစားနိုင်သည်။ အသင်းကြီးနှစ်သင်းကို တစ်ဂိုးစီပြန်သွင်းနိုင်ခဲ့သည်။ ကစားပုံကောင်းပြီး မြန်ဆန်သွက်လက်သည်။ ပြိုင်ပွဲဝင် အသင်းထဲမှ အလယ်အလတ်လောက်ရှိသည့် အသင်းမျိုးဆိုလျှင် အနိုင်တောင်ကစားနိုင်လိမ့်မည်ဟု ယူဆရသည်။

မည်သို့ပင်ဖြစ်စေ၊ အသင်းနှစ်သင်းအနေအထားမှာ ခြေရည်မတိမ်းမယိမ်းရှိသည်။ အိုင်ဗရီကို့စ်၏ကစားပုံက ဆာဘီးယားထက်ပို၍ ကောင်းသည်။ သို့ဖြစ်၍ နှစ်ဖက်ယှဉ်ကစားလျှင် အိုင်ဗရီကို့စ်နိုင်ဖို့ အခွင့်အလမ်းများသည်။ နောက်တစ်ချက်မှာ ဆာဘီးယားအသင်း၏ စုစည်းမှုအားပျက်နေသည်။ ယင်းအချက်ကလည်း အိုင်ဗရီကို့စ်အနိုင်ရရန် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ။

အာဂျင်တီးနား လက်ရွေးစင် အသင်းမှ ဘောလုံးသမား များ ဂျာမနီ တောင်ပိုင်း ဟာဇိုဂျင်နာရက်ချ် မြို့ရှိ လေ့ ကျင့်ရေး ကွင်း သို့ ရောက် ရှိလာသည်ကို ဇွန် ၂၀ ရက် က တွေ့ရစဉ်။
(အင်တာနက်)

အင်တာနက် အာကာသ သတင်း

တရုတ်အာကာသယာဉ် အကြီးအကဲ လီဂျင်အိုင်။ *(အင်တာနက်)*

လကမ္ဘာသို့ လူသားတစ်ဦးစေလွှတ်ရန် တရုတ် အာကာသအစီအစဉ် မျှော်မှန်း

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်ထက် နောက်မကျဘဲ လကမ္ဘာပေါ်သို့ လူသားတစ်ဦးကို စေလွှတ်နိုင်ရန် ရည်မှန်းထားကြောင်း တရုတ်အာကာသအစီအစဉ်ဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် လာမည့်နှစ်မတ်လ သို့မဟုတ် ဧပြီလတွင် လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်တစ်စင်းကို လကမ္ဘာသို့ စေလွှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အဆိုပါအာကာသယာဉ်သည် လကမ္ဘာကို လှည့်ပတ်ကာ လကမ္ဘာ၏ မျက်နှာပြင်ကို လေ့လာမည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူက ပြောကြားသည်။

တရုတ်နိုင်ငံသည် ယခုအခါ အာကာသဆိုင်ရာနည်းပညာကို ရရှိထားပြီဖြစ်ကြောင်း၊ အာကာသအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် အခြေခံလိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်းများနှင့် စီးပွားရေးခိုင်မာမှုတို့လည်းရှိနေပြီဖြစ်ကြောင်း တရုတ်တာဝန်ရှိသူအား ကိုးကားလျက် ဟောင်ကောင်တွင် ထုတ်ဝေသော ဝမ်ဝေပိုသတင်းစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ပြီးလျှင် ကိုယ်ပိုင်အာကာသဒုံးပျံယာဉ်ဖြင့် အာကာသသို့ လူသားစေလွှတ်နိုင်သည့် တတိယမြောက်နိုင်ငံဖြစ်လာသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ယန်လီဝေအား တွေ့ရစဉ်။ *(အင်တာနက်)*

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်တော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး ပုဏ္ဏားကျွန်းမြို့နယ် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းစခန်းရှိ ရော်ဘာပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၆ ရက် နံနက် ၇ နာရီတွင် ကျောက်တော်မြို့နယ် ကစ္ဆပနဒီ တံတားထိပ်၌ကျင်းပသော ကျောက်တော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုး ကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးချုပ် ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တပျော်တပါးစုပေါင်းစိုက်ပျိုးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့ စိုက်ပျိုးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကြည်ဟန်က ခြံစည်းရိုး ကြက်ဆူ ပင် စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ရင်းတပ်ဖွဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ထန်းတပင်မြို့နယ် ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်မှ ထန်းတပင်မြို့အဝင် အေးရွာလေး အထိ ကတ္တရာကွန်ကရစ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ် ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ အေးရွာလေးအထိ ကတ္တရာကွန်ကရစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း ယာဉ်များလွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ ဌာန(လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင် အေးရွာလေးအထိ ကတ္တရာ ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်၍ မြေသားကျောက်ခင်းလမ်း (၁ x ၁လက်မခွဲ) လိပ်သဲ ကျောက်ဖြင့် လမ်းခင်းကျင်းနေမှုများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ပါတီသည် တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်နေ ပါတီ၏လုပ်ရပ်များအပေါ် စိတ်ပျက်လာသဖြင့် နမ့်စန်မြို့နယ် NLD ပါတီဝင် ဦးဘိုကေ နုတ်ထွက်

ရန်ကုန် ဇွန် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်လူမှုအထောက်အကူပြု ဦးဘိုကေသည် ၎င်း၏သဘောဆန္ဒ အလျောက် NLD ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး မေ ၁၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့သည်။

နမ့်စန်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်လူမှုအထောက်အကူပြု ဦးဘိုကေ၏ နုတ်ထွက်လွှာတွင် ၎င်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သို့ ၁၉၉၀ ပြည့်နှစ်မှစ၍ ဝင်ရောက် ခဲ့ပြီး ၂၀၀၂ ခုနှစ် မေ ၁၃ ရက်တွင် မြို့နယ်လူမှုအထောက်အကူပြု တာဝန်ကိုထမ်းဆောင်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီသည် ပါတီနိုင်ငံရေး သန့်သန့် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက် စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက် နေသောကြောင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပျက်လာသဖြင့် NLD ပါတီဝင်အဖြစ်မှ လည်းကောင်း၊ နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် မြို့နယ်လူမှုအထောက်အကူပြုတာဝန်မှလည်းကောင်း ၎င်း၏ဆန္ဒ အလျောက်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)